# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၀) ရက် ၊ စနေနေ့ ၊ (1-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား International Award for Promotion of Buddhism ဘွဲ့တံဆိပ် ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၃၁**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား အိန္ဒိယသမ္မတနိုင်ငံက ချီးမြှင့်သော International Award for Promotion of Buddhism ဘွဲ့တံဆိပ် ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ စစ်ကိုင်းတိုင်းဒေသကြီးအပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာကျောင်းတိုက်ဆရာတော် ဦးသောဘိတ၊ ရခိုင်ပြည်နယ် အလိုတော်ပြည့်ဝိပဿနာစင်တာနှင့် ကျောင်းတိုက်ဆရာတော် ဦးပညာဇောတနှင့် ဆရာတော်၊ သံဃာတော်များ၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် သွင်းကုန်ကဏ္ဍ၌ ရေနံထွက်ပစ္စည်းများ၊ချည်ထည်များနှင့် စားသုံးဆီများကို အများဆုံးတင်သွင်းခဲ့

စာမျက်နှာ - ၃

## ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေလို ဆောင်းပါး

စာမျက်နှာ - ၁၀

## ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို ဇွန် ၃၀ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**

**အသိပေးကြေညာချက်**

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် မေ ၃၁ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို ဇွန် ၃၀ ရက်ထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ရှည်ကျန်းမာစေရေး စားသုံးဆီကိုလျှော့ချသုံးစွဲပေး

နေ့စဉ်ဘဝတွင် ကျန်းမာရေးကောင်းမွန်သူတစ်ဦးဖြစ်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်နေထိုင်မှုများကို နေ့စဉ်ပြုမူကျင့်ကြံဆောင်ရွက်ရန် လိုအပ်ပါသည်။ ယနေ့ခေတ်ကာလတွင် စားသုံးဆီကို လွန်ကဲစွာစားသုံးလာခြင်းနှင့် ဈေးနှုန်းသိသာစွာသက်သာသော တိရစ္ဆာန်မှရသည့် ဆီ၊ စက်မှုလုပ်ငန်းသုံးဆီ၊ အသွင်ပြောင်းဆီ စသည့်ကျန်းမာရေးနှင့်မညီညွတ်သော စားသုံးဆီများသုံးစွဲမှုတို့ကြောင့် စားသုံးမိသူပြည်သူများတွင် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပွားလာကြသည်ကို တွေ့ရှိလာရသည်။

ယနေ့ခေတ်၏ လူနေမှုပုံစံများအရ မြို့ကြီးများသို့ရွှေ့ပြောင်းလုပ်ကိုင်နေထိုင်လာကြခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာကြခြင်း၊ စားသောက်ကြရာတွင် စားသုံးဆီလွန်ကဲစွာစားသုံးခြင်းနှင့် ကျန်းမာရေးဆိုးကျိုးဖြစ်စေသည့် စားသုံးဆီများ သုံးစွဲလာကြခြင်းတို့ကြောင့် နှလုံး၊ ဆီးချိုရောဂါ၊ သွေးတိုး၊ လေဖြတ်ခြင်းစသည့် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုမြင့်မားလာကြသည်။ အဆိုပါ နာတာရှည်ရောဂါဆိုးများကြောင့် လူ့သက်တမ်းစေ့မနေကြရဘဲ သေဆုံးနေကြသည်ကိုလည်း သတိပြုဖွယ်တွေ့ရှိရသည်။

ကျန်းမာရေးဝန်ကြီးဌာနကထုတ်ဝေသော အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရလက်စွဲစာအုပ်တွင် အသက်အရွယ်အလိုက် နေ့စဉ်စားသုံးရန်သင့်လျော်သည့် စားသုံးဆီပမာဏကို ဖော်ပြထားသည်။ အသက် တစ်နှစ်မှ သုံးနှစ်လျှင် ၁ ဒသမ ၂၅ ကျပ်သား၊ အသက် လေးနှစ်မှ ခြောက်နှစ်လျှင် ၁ ဒသမ ၅၀ ကျပ်သား၊ အသက် ခုနစ်နှစ်မှ ၁၂ နှစ်လျှင် နှစ်ကျပ်သား၊ အမျိုးသား (လူကြီး) နှစ်ကျပ်သား၊ အမျိုးသမီး(လူကြီး) ၁ ဒသမ ၅၀ ကျပ်သား စသည်ဖြင့် အသက်အလိုက် နေ့စဉ်စားသုံးရန်သင့်လျော်သည့် ဆီပမာဏကို ဖော်ပြထားသည်။ သို့ရာတွင် ပြည်ပမှ စားသုံးဆီတင်သွင်းရမှုမှာ မြင့်တက်လျက်ရှိနေရာ လူတစ်ဦးလျှင် တစ်နှစ်အတွင်း စားသုံးဆီ ၁၀ ပိဿာခန့်ထိ စားသုံးနေသည့်အတွက် ပြည်သူများ ကျန်းမာရေးကောင်းမွန်စေရန် ဆီစားသုံးမှုလျှော့ချရေး၊ လူနေမှုပုံစံပြောင်းလဲရေးကို နိုင်ငံတော်က ပညာပေးစည်းရုံးလှုံ့ဆော်မှုများ မီဒီယာများမှတစ်ဆင့် နေ့စဉ်ဆောင်ရွက်လျက်ရှိပေသည်။

ဆီစားသုံးမှုလွန်ကဲခြင်းသည် စားသုံးသူပြည်သူတစ်ဦးတစ်ယောက်ချင်းစီ၏ ကျန်းမာရေးကို ရေရှည်တွင် ထိခိုက်စေပြီး အလုပ်လုပ်နိုင်စွမ်းလျော့နည်းလာမှုနှင့်အတူ ဝင်ငွေနည်းပါးမှုကိုရင်ဆိုင်ခံစားရမည်ဖြစ်သည်။ မိသားစုဝင်များအတွက်လည်း နာတာရှည်ဝေဒနာရှင်တစ်ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုစရိတ်စကများ ကြီးမားစေသောကြောင့် လူမှုစီးပွားဒုက္ခများ ဆင့်ကဲခံစားရမည်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစကာ ဆီစားသုံးမှုကို သတိပြုဆင်ခြင်ကာလျှော့ချသင့်လှပါသည်။ ပြည်သူတို့ ဆီစားသုံးမှုကို လျှော့ချနိုင်ပါက ပြည်ပမှဆီတင်သွင်းနေရမှုများကို လျော့ကျသွားမည်ဖြစ်ရာ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲကုန်ကျနေရမှုများ လျော့နည်းလာမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် မိသားစုတိုင်းသည် စားသုံးဆီကို သင့်လျော်သည့်ပမာဏသာ ချင့်ချိန်စားသုံးကြခြင်းဖြင့် သက်ရှည်ကျန်းမာရေးကို လက်တွေ့အထောက်အကူပြုမည်ဖြစ်ပါသည်။ ကျန်းမာခြင်းနှင့်ပြည့်စုံသောသူသာလျှင် ချမ်းသာခြင်းကို တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ဆီစားသုံးမှုကို သင့်တင့်မျှတအောင် စနစ်တကျလျှော့ချစားသုံးခြင်းဖြင့် တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ရရှိကာ လူဖြစ်ရကျိုးနပ်သောသူများအဖြစ်သို့ ရောက်ရှိနေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့်တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့်ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ခရမ်းသီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းသီးများသည် မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ခရမ်းသီးဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ရရှိကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းသီး အဓိကစိုက်ပျိုးတဲ့ မြေပြန့်ဒေသဘက်နဲ့ တောင်ပေါ်ဒေသဘက်က ခရမ်းသီးတွေ ဈေးကွက်ကိုအများဆုံးဝင်ရောက်လာတာပါ။ ဝင်ရောက်လာကြတဲ့ ခရမ်းသီးတွေကတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ကုန်စိမ်းသီးနှံတွေကတော့ ဈေးကိုပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်တဲ့ပစ္စည်းတွေ ပြတ်လပ်ရင်တော့ ဈေးကကောင်းပါတယ်။ ဈေးမှာတော့ ရောင်းသူ၊ ဝယ်သူတွေနဲ့စည်ကားနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးချိုတော်တွင် ကျောင်းဝတ်စုံနှင့် အခြားဆက်စပ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး မေ ၃၁**

ကျောင်းဖွင့်ချိန်ရောက်ရှိတော့မည်ဖြစ်သဖြင့် မန္တလေးဈေးချိုတော်တွင် ကျောင်းဝတ်စုံနှင့်အခြားဆက်စပ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် စည်ပင်သာယာပိုင်ဈေးပေါင်း ၄၀ ကျော်ရှိသည့်အနက် ဈေးချိုတော်မှာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ကုန်စည်စီးဆင်းမှုအား အကောင်းဆုံးဖြစ်သည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် ကျောင်းဖွင့်ချိန် ရောက်ရှိတော့မည်ဖြစ်သောကြောင့် မန္တလေးဈေးချိုတော်တွင် ကျောင်းဝတ်စုံနှင့် အခြားစာရေးကိရိယာများ စသည့်ကုန်ပစ္စည်းများကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"အခြေခံပညာကျောင်းတွေ ပြန်ပြီးဖွင့်တော့မှာဆိုတော့ ကျောင်းတက်မဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် မိဘတွေအနေနဲ့ ဈေးချိုတော်မှာ ကျောင်းဝတ်စုံအပြင် အခြားဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ ခဲတံ၊ ဘောပင်၊ ထမင်းချိုင့်၊ ရေဘူး၊ ဗလာစာအုပ် စတဲ့ ကျောင်းသုံးပစ္စည်းတွေ ဝယ်ယူမှုတော်တော်လေးများလာတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှဝင်ရောက်လာသည့် အဝတ်အထည်အပါအဝင် အခြားလူသုံးကုန်နှင့် အလှကုန်ပစ္စည်းများလည်းအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံအထက်ပိုင်းတစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးဖြန့်ချိပေးနေတာက မန္တလေးဈေးချိုတော်ပဲဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ ကျောင်းဝတ်စုံတွေအပြင် အခြားအဝတ်အထည်က ရောင်းအားအကောင်းဆုံးဖြစ်နေပြီး လူသုံးကုန်နဲ့ အလှကုန်ပစ္စည်းတွေကတော့ ဒုတိရောင်းအားအကောင်းဆုံးဖြစ်ပါတယ်"ဟု မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မေ ၃၁**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့်အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာသဖြင့် ကြိုက်ရောင်းကြိုက်ဝယ် အနေအထားဖြစ်နေသော်လည်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေကာ အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုသိသိသာသာမြင့်တက်လာခြင်း မရှိသေးသော်လည်း အကွက်ရိုက်မြေကွက်များ စိတ်ဝင်စားမှုမြင့်တက်ကာ ပြန်လည်အရောင်းအဝယ်ဖြစ်နေလျက်ရှိပြီး အမှန်နေထိုင်လိုသူများ အများဆုံး ဝယ်ယူမှုရှိနေကြောင်း သိရသည်။

"ဈေးကွက်က လှုပ်လာတယ်ဆိုပေမဲ့ သိသိသာသာအရောင်းအဝယ်ဖြစ်တာမျိုးတော့ နည်းသေးတယ်။ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေ၊ မြေကွက် အကျယ်၊ နေရာအကွက်အကွင်းကောင်းတာလေးတွေတော့ အဝယ်လိုက်တယ်လို့ ပြောရမှာပေါ့။ နေရာက အတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေနည်းပြီး အဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့နေရာတွေကတော့ စိတ်ဝင်စားမှုနည်းတယ်။ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးခံပြီး ပေါက်ဈေးထက်လျှော့ရောင်းတာတောင် အရောင်းအဝယ်ဖြစ်တာနည်းတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထိုသို့ အရောင်းအဝယ်ဖြစ်နေသည့်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင် မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရှူးမြို့နယ် ဟိုင်းဟွမ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မေ ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ဟိုင်းဟွမ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ဟိုင်းဟွမ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးလှိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၆၂ သိန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုင်းဟွမ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို ပထမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**အောင်လံ မေ ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးကောင်းကျေးရွာအုပ်စု မိုးကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေး မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ အောင်လံမြို့နယ် ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မိုးကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေနေရာရှင်းလင်းခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုးကောင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ အောက်ခံလွှာ ကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၆၇ ဒသမ ၀၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# ရေကြည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ရာသီ၌ စိုက်ပျိုးထားသော စပါး ၂၅၁၉၄ ကေ ရိတ်သိမ်းပြီးစီး



**ကျုံပျော် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော စပါး ၂၅၁၉၄ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၂၅၁၉၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါး တစ်ကေလျှင် ၁၁၃ ဒသမ ၁၅ တင်းထွက်ရှိကြောင်းသိရသည်။

"ရေကြည်မြို့နယ်မှာ နွေစပါး ၂၅၁၉၄ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ နွေစပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ အခုနှစ် နွေစပါးတွေစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းပြီး ဈေးကွက်ကောင်းတဲ့ စပါးမျိုးတွေရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေကို စိုက်တဲ့အခါ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ဖို့ မြေဆီလွှာထိန်းသိမ်းပြုပြင်နည်း၊ ဓာတ်မြေဩဇာစနစ်တကျကျွေးနည်း စတဲ့တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးများကို နွားရေတိုက်ကျေးရွာအုပ်စု၊ ပန်းဇံကွင်းကျေးရွာအုပ်စု၊ ကွင်းကြီးကျေးရွာအုပ်စု၊ မကျည်းသဟာကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စုများတွင် စိုက်ပျိုးခဲ့ကြောင်း၊ နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး နှင့်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် သွင်းကုန်ကဏ္ဍ၌ ရေနံထွက်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသုံးဆီများကို အများဆုံးတင်သွင်းခဲ့

**ရန်ကုန် မေ ၃၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်ပမှ တင်သွင်းဆောင်ရွက်နေသည့် သွင်းကုန်ကဏ္ဍ၌ ရေနံထွက်ပစ္စည်းများ၊ ချည်ထည်များနှင့် စားသုံးဆီများကိုအများဆုံးတင်သွင်းဆောင်ရွက်ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏သတင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ပထမဆုံးလဖြစ်သည့် ဧပြီလတွင် စီးပွားရေးမိတ်ဖက်နိုင်ငံများမှ သွင်းကုန်ပစ္စည်းများကို တင်သွင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စု၊ လူသုံးကုန်ပစ္စည်းအုပ်စု၊ CMP ကုန်ပစ္စည်းအုပ်စုဟူ၍ သွင်းကုန်အုပ်စုလေးခုဖြင့် တင်သွင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသွင်းကုန်ပစ္စည်းများကို တင်သွင်းရာတွင် သွင်းကုန်ပစ္စည်း အမည်တစ်ခုချင်းအနေဖြင့် ရေနံထွက်ပစ္စည်းများ၊ ချည်ထည်များ၊ စားသုံးဆီများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ စသည့်သွင်းကုန်ပစ္စည်းများကို တင်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တင်သွင်းရာတွင် ရေနံထွက်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၄၂၄ ဒသမ ၄၂၆ သန်းဖိုးဖြင့် အများဆုံးတင်သွင်းခဲ့ပြီး ချည်ထည်များကို အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၅၀၉ သန်းဖိုးဖြင့် ဒုတိယအများဆုံးတင်သွင်းကာ စားသုံးဆီများကိုလည်း အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၃၈ သန်းဖိုးဖြင့် တတိယအများဆုံးတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဧပြီလအတွင်း တင်သွင်းခဲ့သည့်သွင်းကုန်များအနက် သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများကို အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂၁၅ သန်းဖိုး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများကို အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆၁၁ သန်းဖိုးတင်သွင်းခဲ့ကြောင်း သိရသည်။

(၃၃၆)



# လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ (၂၀၂)

ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ ဆရာကြီးခင်ဗျာ ဥတုကူးအဖျားဆိုပြီး ကျွန်တော်ဖျားတာ သုံးကြိမ်ရှိနေပါပြီ။ ပထမတစ်ခါဖျားတော့ သုံးရက်လောက်နဲ့ပြန်ကောင်းသွားပါတယ်။ နောက် ရုံးပြန်တက်တော့ ဖျားပြီးစ ခံတွင်းပျက် စားသောက်မကောင်းတာနဲ့မုန့်ဟင်းခါးဝယ်စားမိပါတယ်။ ညဘက်ရောက်တော့ ဝမ်းလျှောပြီး အဖျားပါဝင်လာပါတယ်။ ဝမ်းလျှောတာ ဆေးအတော်သောက်ယူရပါတယ်။ ဝမ်းပျက်လို့ အားပြတ်သွားတယ်ထင်လို့ အစားပြန်စားတဲ့အခါ ပြန်ဖျားပါတယ်။ တချို့က ထမင်းစားရင် အဖျားပြန်တက်တယ်ပြောလို့ အခုဆန်ပြုတ်ပဲသောက်နေရပါတယ်။ အဖျားကဘာကြောင့်မပြတ်တာလဲ။ အဖျားပြတ်အောင်ဘယ်လိုလုပ်ရပါမလဲခင်ဗျာ။**

ဖြေ။ ။ ငုပ်ဖျား၊ အေးဖျား၊ ပူဖျား၊ ကန်ဖျားဆိုပြီး လေးမျိုးရှိပါတယ်။ အခုဟာက ငုပ်ဖျားဖြစ်နေပါတယ်။ အဖျားကြာတော့ အားလဲယုတ်နေပါတယ်။ ငုပ်ဖျားကို ကန်ဖျားဖြစ်အောင်လုပ်ပေးရင်ပျောက်မှာပါ။ မနက်စောစောဆန်ပြုတ်ကျဲကျဲပူပူကို နှမ်းလှော်အနည်းငယ်ထည့်သောက်ပါ။ ငါးကြော်၊ ကြက်ဥကြော် အနည်းငယ်စားနိုင်ပါတယ်။ မနက် ၉ နာရီလောက်မှာ အုန်းသီးအနုတစ်လုံးက အုန်းစိမ်းရည်သောက်ပါ။ အဝသောက်ပါ။ ပြီးရင် ရေချိုးပါ။ ရေကို နေရောင်ခြည်အောက်မှာချိုးရင် ပိုကောင်းပါတယ်။ ချင်းပါးပါးလှီးပြီး ထန်းလျက်နဲ့ရောကျို ဆားလှော်သင့်ရုံထည့်ပါ။ အဲဒီအရည်ပူပူကို ရေချိုးပြီးသောက်ပါ။ နေ့လယ်ထမင်းစားရင် ထမင်းပူပူကို နှမ်းဆီနဲ့နယ်ပြီး အမဲခြောက်၊ ငါးခြောက်ဖုတ်ပူပူလေးနဲ့စားပါ။ ပဲရာဇာဟင်းချိုပူပူလေးသောက်စားပါ။ ထမင်းစားပြီးရင် ချင်းပြုတ်ရည်ပူပူလေးတစ်ကြိမ် ထပ်သောက်ပေးပါ။ နေ့လယ် ၁ နာရီလောက်မှာ ချင်းသုပ်အနည်းငယ်စား ရေနွေးကြမ်းပူပူသောက်ပြီး စောင်ခြုံအိပ်ပါ။ ချွေးထွက်အောင်ကြိုးစားပါ။ တိုင်းရင်းဆေးခန်းရှိရင် ဆေးအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေးကို ကွမ်းရွက်ပြုတ်ရည်နဲ့ သောက်ပါ။ ချွေးတအားထွက်ပါတယ်။

**မေး။ ။ ဆရာကြီးခင်ဗျာ ညအိပ်ပျော်ပြီး အိပ်ရာကနိုးတဲ့အခါ လက်တစ်ဖက်ထုံကျဉ်နေပါတယ်။ တစ်ခါတစ်ရံ လက်နှစ်ဖက်လုံးထုံကျဉ်ဖြစ်ပါတယ်။ အကြောအဆစ်ဆေးခန်းတစ်ခုပြတော့ ဇက်ကျီးပေါင်းစချင်တာလို့ပြောတယ်။ ဓာတ်မှန်တော့ မရိုက်ရသေးပါဘူး။ လေ့ကျင့်ခန်းလုပ်ခိုင်းတာလုပ်ပေမဲ့ မသက်သာပါဘူး။ ကျီးပေါင်းရောဂါသက်သာအောင် ဘယ်လိုကုသရမလဲဆရာ။ လိမ်းဆေးနဲ့ကျီးပေါင်းပျောက်နိုင်ပါသလား ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ လည်ပင်းရိုးဆစ် ခုနစ်ဆစ်ရှိပါတယ်။ ခေါင်းငုံ့တဲ့အလုပ်နဲ့ စာကြည့်များတဲ့သူတွေမှာ ဇက်ကျီးပေါင်းတက်တတ်ပါတယ်။ ဇက်ကြောတက်တာ၊ လက်ကျဉ်တာက ကျီးပေါင်းနဲ့အာရုံကြောညပ်လို့ဖြစ်တာပါ။ ခေါင်းငုံ့ပြီးကြာရှည်လုပ်တဲ့အလုပ်ကိုရှောင်ကြဉ်ရပါမယ်။ အိပ်ရင် ခေါင်းအုံးအထူအုံးတာ၊ ခေါင်းအုံးနှစ်လုံးဆင့်အိပ်တာ ရှောင်ရပါမယ်။ ခေါင်းအုံးကို ပျော့ပျော့နဲ့ခပ်ပါးပါးအုံးရပါမယ်။ စာရေးစာဖတ်လုပ်ရင် နာရီဝက်တစ်ခါအနားပေးရပါမယ်။ ဇက်ကျီးပေါင်းက ပျောက်ခဲပါတယ်။ အမြဲအနေအထိုင်ဆင်ခြင်ရပါမယ်။ အောက်ပါအချက်တွေကိုလိုက်နာပါ။



ဆေးဖက်ဝင်မိဿလင်ဥကို တွေ့ရစဉ်။

၁။ စာရေးစာဖတ်၊ ခေါင်းငုံ့အာရုံစိုက်အလုပ်လုပ်ရင် နာရီဝက်တစ်ခါ အနားပေးပါ။

၂။ အနားပေးတဲ့အချိန်မှာ အဝေးကိုကြည့်ပါ။ စိမ်းစိုတဲ့ရှုခင်း၊ သစ်ပင် စတာတွေကိုကြည့်ရင် ပိုကောင်းပါတယ်။

၃။ စာကြည့်နားတဲ့အချိန်မှာ ဦးခေါင်းကို မတ်မတ်ထားပြီး ရှေ့ကြည့်၊ ဘယ်လှည့်၊ ညာလှည့်၊ အထက်မော့၊ အောက်ငုံ့ လေ့ကျင့်ခန်းကို ဆယ်မိနစ်လောက်ပြုလုပ်ပေးပါ။

၄။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီ တစ်ဆယ်သားမှာ ကွမ်းရွက် သုံးရွက်၊ ချင်းတက်လက်နှစ်ဆစ် ခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီကို ဇက်မှာစိမ့်ဝင်အောင် လိမ်းပါ။

၅။ ဇက်ကြောတင်းတောင့်ရင် သင်္ဘောရွက်အနုကို ပျော့အောင်ရေနွေးစိမ်ပြီး ဇက်မှာကပ်ပေးပါ။

၆။ ကုပ်ပိုးမှာ အဆီဖု၊ အဆီခဲရှိရင် မုန်ညင်းဆီလိမ်းပြီး ကြပ်ထုပ်ထိုးပေးပါ။ ကြပ်ထုပ်လုပ်ဖို့အတွက် မိဿလင်ဥအခြောက်ကို အမှုန့်ကြိတ်ပြီး လက်သီးဆုပ်လောက်အရွယ်အဝတ်နဲ့ထုပ်ပါ။ ကြပ်ထုပ်ကို ထိုးခါနီး ရေနွေးငွေ့နဲ့အပူပေးပြီး ထိုးပေးပါ။

၇။ မှိုင်းရှူပေးရင်လဲ ဇက်ကြောတက်သက်သာပါတယ်။ တိုင်းရင်းဆေးအမှတ်(၄၃) အကင်းဆယ်ပါးဆေးမှုန့်ကို မီးရှို့ပြီးအငွေ့ရှူပေးရင်ရပါတယ်။

၈။ တက်စာတွေရှောင်ကြဉ်ရင်လဲ အကြောတက်သက်သာပါတယ်။ တက်စာတွေက မျှစ်၊ မျှစ်ချဉ်၊ ကုလားပဲ၊ မြေပဲဆန်၊ လက်ဖက်ချဉ်စပ်၊ ခွေးတောက်ရွက်၊ တမာရွက်၊ ကြက်ဟင်းခါးသီး၊ အုန်းနို့၊ ဒံပေါက် စတာတွေဖြစ်ပါတယ်။

၉။ ဆားခါးကို လှော်ပြီး ဟင်းစားဇွန်းတစ်ဇွန်းကနေ နှစ်ဇွန်းသောက်ပေးပါ။ မန်ကျည်းဖျော်ရည်နဲ့ရောသောက်ရင်လဲ ရပါတယ်။ တစ်ပတ်တစ်ကြိမ်သောက်ပေးရင် ဝမ်းပုပ်ကင်းစင်ပြီး ဇက်ကြောတက်သက်သာပါတယ်။

**မေး။ ။ ငရုတ်သီးအစပ်စားပြီး ကြို့ထိုးရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ပျားရည်လျက်ပေးပါ။ ဖီးကြမ်းငှက်ပျောသီးစားပါ။

**မေး။ ။ ခြေစွယ်ငုပ်ရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ အုန်းဆီထည့်ပေးပါ။ တစ်နေ့ သုံးကြိမ်ထည့်ပြီး ဆီဝသွားမှ ခြေစွယ်ဖော်ပါ။

**မေး။ ။ လူကြီးတွေရှေ့မှာနှာချေချင်ရင် နှာမချေအောင် ဘယ်လိုလုပ်ရမလဲဆရာ။**

ဖြေ။ ။ တံတွေးမျိုချ အသက်အောင့်ထားပါ။ အသက်ကိုမော့ပြီး ရှိုက်ရှူ တံတွေးမျိုချပါ။

**မေး။ ။ မျက်စိထဲ ပိုးကောင်ဝင်ရင် ဘာလုပ်ရမလဲဆရာကြီး။**

ဖြေ။ ။ ရေသန့်အကြမ်းပန်းကန်တစ်လုံးမှာ ဆားလက်တစ်ဖျစ်ထည့်ဖျော်ပါ။ အဲဒီဆားရည်နဲ့ မျက်စဉ်းခတ်ပေးပါ။

**မေး။ ။ ဖိနပ်ပေါက်ရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ဖီးကြမ်းငှက်ပျောသီးအခွံမှာကပ်နေတဲ့အသားနဲ့ပွတ်ရင်လဲ ရပါတယ်။

**မေး။ ။ ကားမူးပြီး အော့အန်ရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ သကြားစားပေးပါ။

**မေး။ ။ နှာခေါင်းပိတ်နေရင် ဘာလုပ်ရမလဲဆရာ။**

ဖြေ။ ။ ခြေဖဝါးဆားပွတ်ပြီး ရေလောင်းပေးပါ။ ရေနံဆီ ဒါမှမဟုတ် ပရုတ်ဆီကို နှာခေါင်းမှာ လိမ်းပေးပါ။

**မေး။ ။ နားထဲပိုးကောင်ဝင်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ မုန်ညင်းဆီ၊ နှမ်းဆီကို မီးနဲ့နွေးပြီး နားထဲလောင်းထည့်ပါ။ ဘေးစောင်းပြန်သွန်ထုတ်သုံးကြိမ်ပြုလုပ်ပါ။

**မေး။ ။ ခေါင်းကိုက်ရင် ဘာလုပ်ရမလဲဆရာကြီး။**

ဖြေ။ ။ နားထင်နှစ်ဖက်မှာ ချင်းပါးပါးလှီးကပ်ပေးပါ။

**မေး။ ။ သွားအခေါင်းရှိလို့ သွားကိုက်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ ကြက်သွန်နီဥသေး ထက်ခြမ်းခြမ်းပြီး သွားအခေါင်းပေါ် တည့်တည့်ထည့်ပါ။

**မေး။ ။ နှာခေါင်းသွေးလျှံရင် ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။ ရေခဲတုံးသေးသေးကို ကြွပ်ကြွပ်အိတ်မှာထည့်ပြီး နားနောက်က ချိုင့်လေးနှစ်ဖက်မှာ ကပ်ပေးပါ ချက်ချင်းရပ်ပါတယ်။

**မေး။ ။ အူကျရင် ဘယ်လိုလုပ်ရပါမလဲ။**

ဖြေ။ ။ ဝမ်းဗိုက်က အူကျလို့ဖောင်းလာတဲ့နေရာမှာ ရေခဲအိတ်ကပ်ပေးပါ။ ဖောင်းနေတဲ့နေရာမှာ ညအိပ်ရာဝင်တိုင်း ကျားမနိုင်မြစ်သွေးလိမ်းအိပ်ပါ။ ကြာကြာလိမ်းရင် အူကျတာ ပျောက်ပါတယ်။

**မေး။ ။ တံတောင်ဆစ်တို့၊ ခြေမျက်စိတို့မှာ ဂျွတ်တက်လို့ မည်းနေတာ ဖြူအောင်ဘယ်လိုလုပ်ရမလဲ ဆရာကြီး။**

ဖြေ။ ။ ရေချိုးတိုင်း မန်ကျည်းမှည့်အနှစ်နဲ့ ဆားရောပွတ်ပေးပါ။

**မေး။ ။ မိတ်ပေါက်ရင် ဘာလိမ်းရမလဲဆရာကြီး။**

ဖြေ။ ။ ခရေပွင့်ခြောက်နဲ့ သနပ်ခါးရောသွေးလိမ်းပါ။ ယားရင် ဆားအနည်းငယ်ထည့်သွေးလိမ်းပါ။

**မေး။ ။ တင်းတိပ်ပေါက်ရင် ဘာလိမ်းရမလဲဆရာကြီး။**

ဖြေ။ ။ စန္ဒကူးနီအခေါက်ကို ညစဉ်သွေးလိမ်းအိပ်ပါ။

**မေး။ ။ လက်သည်း၊ ခြေသည်းတွေကွဲတာ၊ အက်ရာအစင်းတွေပေါ်တာ ဘယ်လိုလုပ်ရပါမလဲ။**

ဖြေ။ ။ လက်သည်း၊ ခြေသည်းကို ဆားခါးကိုရေနဲ့ဖျော်ပြီး စိမ်ပေးပါ။ အုန်းဆီထဲမှာ ဆားခါးထည့်ဖျော်ပြီး လိမ်းပေးပါ။

**မေး။ ။ မျက်စိစွန်ဖုထွက်ရင် ဘာလုပ်ရမလဲ။**

ဖြေ။ ။ (ရှေးနည်း) ငါးပိအိုးက ငါးရိုး ဒါမှမဟုတ် ငါးခြောက်အမြီးက အရိုးနဲ့ အသက်အောင့် ခုနစ်ချက်ထိုးပြီး လက်နောက်ပြန်ပစ်။ ယုံကြည်မှုလုပ်ပါ။ ဆရာလက်တွေ့ပျောက်ဖူးပါတယ်။

**မေး။ ။ အမာရွတ်ပျောက်အောင် ဘာလိမ်းရမလဲ။**

ဖြေ။ ။ ကွမ်းသီးခြမ်းသွေးလိမ်းပါ။

---

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၄၇၂၆၀ စိုက်ပျိုးမည်

**စစ်ကိုင်း မေ ၃၁**

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၄၇၂၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၄၀၆ ဧက၊ မြင်းမူမြို့နယ်တွင် ၂၃၁၅၇ဧက၊ မြောင်မြို့နယ်တွင် ၅၆၉၇ ဧက စုစုပေါင်း ဧက ၄၇၂၆၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဝါသီးနှံ ဧက ၄၇၂၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လာမဲ့ဇွန်လကစပြီးတော့ စတင်စိုက်ပျိုးကြမှာပါ။ ဝါကြီး၊ မလှိုင်ဝါ၊ မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးတွေ စိုက်ပျိုးကြပါတယ်။ ဝါသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် လျော့ကျမှု မရှိပါဘူး။ ဒီနှစ်ဆိုရင်လဲ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ"ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဝါသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါသီးနှံစိုက်တောင်သူများ လိုအပ်သည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ်သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဘဝတိုက်ပွဲ

- လောကဓံ တွေးကာကြောက်ရင်
  ဘေးမှာရောက် အများလူ၊
  အားလျှော့ကာ ဆုတ်ချင်စမ်းနဲ့
  လျှောက်လှမ်းလို့ ထူ၊
  သွေးမပျက် မငြူစူ
  အပူဟူ တစ်ခဏ၊
  ဇွဲခိုင်ခိုင် မြဲချီတက်ကွယ်
  မခက်မှုချ။

- ပျင်းရိရှောင် မြတ်လုံ့လ
  အသုံးချ ကိုယ့်ကိုယ်ကိုယ်၊
  လှိုင်းကြီးပင် လှေရဲ့အောက်
  ရောက်ရထိုထို၊
  ရည်ရွယ်လျက် ချက်မဗဟို
  တက်မကို ကိုင်ဆောင်ရင်း၊
  ရေဆန်ဆီ မှော်ဂယက်တို့
  လှော်တက်ဆောင်ကြဉ်း။

- သတ္တိပါ ဝိရိယရင်း
  အသိလှသွင်း ဦးတည်မှန်၊
  လိုပန်းတိုင် အရောက်သွား
  ဖောက်ပြားမကြံ၊
  မလျှော့တဲ့ စိတ်အားမာန်
  အဖန်ဖန် ရင်ဆိုင်နွှဲ၊
  ရဲရင့်ဆောင် ကိုယ့်စိတ္တနှင့်
  ဘဝတိုက်ပွဲ။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၄၆ ဧကနှင့် ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးမည်

**ကောလင်း မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၄၆ ဧကနှင့် ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်း ၄၆ ဧကနှင့်ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ အစေ့ထုတ်ပြောင်း ၄၆ ဧကနဲ့ ဖူးစားပြောင်း ဧက ၁၈၁၀ စိုက်ပျိုးဖို့ လျာထားတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၁၃၀၊ ဝန်းသိုမြို့နယ်တွင် ဖူးစားပြောင်း ဧက ၆၈၀၊ ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၆ ဧက စုစုပေါင်း ၁၈၅၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုပုံများကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ်၌ သံဂဟေဆက်သင်တန်းဆင်းပွဲကျင်းပ

**ရေကြည် မေ ၃၁**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက် သင်တန်းဆင်းပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးတို့က အမှာစကားပြောကြားခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)မှ ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်းက သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သောသင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေး၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) မှ ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းတွင်ထူးချွန်သည့် သင်တန်းသားများကို သင်တန်းထူးချွန်ဆုများ၊ သင်တန်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၃၉ ဦး တက်ရောက်ပြီး သင်တန်းကို ကျွမ်းကျင်သင်တန်းနည်းပြဆရာများက မေ ၁ ရက်မှ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တေဇလင်း**

# ကျောက်တန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြေသားရေကန်တူးဖော်ပြီးစီးမှု စစ်ဆေး

**ကျောက်တန်း မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် မီးပြကျေးရွာနှင့်ကွနီးကျေးရွာ၌ မြေသားရေကန်တူးဖော်ပြီးစီးမှုကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့်တာဝန်ရှိသူများက ကျောက်တန်းမြို့နယ် အတွင်းရှိ မီးပြကျေးရွာတွင် မြေသားရေကန်အနက်နိုက်တူးဖော်ခြင်းလုပ်ငန်းနှင့် ကွနီးကျေးရွာတွင် မြေသားရေကန်အနက်နိုက်တူးဖော်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ ရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်တန်းမြို့နယ်ရှိ မီးပြကျေးရွာတွင် အလျား ပေ ၃၈၀၊ အနံ ပေ ၂၄၀၊ အနက် သုံးပေရှိ မြေသားရေကန်အနက်နိုက်တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၄၈ သန်းဖြင့်လည်းကောင်း၊ ကွနီးကျေးရွာတွင် အလျား ပေ ၂၀၀၊ အနံ ပေ ၁၆၀၊ အနက် သုံးပေရှိ မြေသားရေကန် အနက်နိုက်တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၅ သန်းဖြင့်လည်းကောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ ရာသီမရွေးသန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ စင်ကာပူနိုင်ငံ၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး



**စင်ကာပူ မေ ၃၁**

တရုတ် ကာကွယ်ရေးဝန်ကြီး တောင်ကျန်းနှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် ယနေ့တွင် စင်ကာပူနိုင်ငံ ရှန်ဂရီလာဒေသတွင်း လုံခြုံရေးညီလာခံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသည် တရုတ် ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးတို့ အတွက် ပထမဆုံးအကြိမ် လူချင်း တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ယနေ့ ဆွေးနွေးပွဲတွင် တရုတ် ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန် ကာကွယ်ရေး ဝန်ကြီးတို့သည် ယူကရိန်းပြဿနာ၊ ဂါဇာပြဿနာ နှင့် တရုတ်(တိုင်ပေ)ပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့သည် ယနေ့ဆွေးနွေးပွဲတွင် တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ စစ်ဘက်ဆက်သွယ်ရေး လမ်းကြောင်းများ ဆက်လက်ထားရှိရန် လိုအပ်မှုကို သဘောတူခဲ့ကြသည်။

တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးတို့၏ ဆွေးနွေးပွဲမှာ ၇၅ မိနစ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ် တရုတ်နိုင်ငံသို့ သွားရောက်မည်

**အစ္စလာမ္မာဘတ် မေ ၃၁**

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဇွန် ၄ ရက်မှ ၈ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ပါကစ္စတန် ဝန်ကြီးချုပ်အနေဖြင့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ စီမံကိန်းအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းသည် တရုတ်အစိုးရ၏ ရပ်ဝန်းနှင့် လမ်းအစီအစဉ်၌ ပါဝင်သော အဓိကစီမံကိန်းတစ်ခုဖြစ်သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ်သည် ရှေန်နှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နည်းပညာကဏ္ဍတို့တွင် ဦးဆောင်နေသော တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံစီမံကိန်းအရ ပါကစ္စတန်နိုင်ငံ၌ စွမ်းအင်စီမံကိန်းများနှင့် လမ်းကွန်ရက်တည်ဆောက်ရေး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံထားသည်။

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးအကူအညီများသည် စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်နေရသော ပါကစ္စတန်နိုင်ငံအတွက် အထူးအရေးပါကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အိန္ဒိယ၌ ခရီးသည်တင်ဘတ်စကားတစ်စီး ချောက်ထဲထိုးကျ လူ ၂၁ ဦးသေဆုံး

**ဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကတ်ရှ်မီးယားဒေသ၌ ခရီးသည်တင် ဘတ်စကားတစ်စီး မေ ၃၀ ရက်က ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုတွင် ခရီးသည် ၃၅ ဦးလည်း ဒဏ်ရာများရရှိခဲ့ပြီး တချို့မှာ အခြေအနေစိုးရိမ်ရကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

ဂျပူးဒေသ၌ ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်တွင် ဟိန္ဒူဘာသာဝင် ဘုရားဖူးခရီးသည်များ လိုက်ပါလာသည့် ဘတ်စကားသည် လမ်းချော်ထွက်ခဲ့ပြီးနောက် အနက်ပေ ၁၅၀ ရှိသည့် ချောက်အတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဘတ်စကား မတော်တဆမှုဖြစ်စဉ် နောက်ခံအကြောင်းတရားကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံများတွင် ပါဝင်ပြီး ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူထောင်ပေါင်းများစွာ သေဆုံးနေကြရသည်။

ယာဉ်မတော်တဆမှု အများစုမှာ ယာဉ်ပေါ့ဆစွာမောင်းနှင်မှု၊ လမ်းများပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့် ယာဉ်များ၏ သက်တမ်းအိုမင်းမှုတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## တာတိုပစ်ဒုံးကျည် ၁၈ စင်း စမ်းသပ်ပစ်လွှတ်မှု မြောက်ကိုရီးယားခေါင်းဆောင်ကိုယ်တိုင် ကြီးကြပ်

**ပြုံယမ်း မေ ၃၁**

မေ ၃၀ ရက်က ပြုလုပ်ခဲ့သည့် တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရပိုင် ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား အစိုးရကို လက်ဦးမှုယူ၍ တိုက်ခိုက်ရန် ဝန်မလေးကြောင်း ပြသသည့်အနေဖြင့် အဆိုပါ တာတိုပစ်ဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။





အဆိုပါ တာတိုပစ်ဒုံးကျည် စမ်းသပ်မှုတွင် မြောက်ကိုရီးယား လက်နက်ကိုင်တပ်များက တာတိုပစ်ဒုံးကျည် ၁၈ စင်းထိ ပစ်လွှတ်ခဲ့ပြီး ၎င်းစမ်းသပ်မှုလုပ်ငန်းစဉ်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် စစ်သုံးထောက်လှမ်းရေး ဂြိုဟ်တုလွှတ်တင်မှု ပျက်ပြားခဲ့ရပြီးနောက် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ တာတိုပစ်ဒုံးကျည် စမ်းသပ်မှုများသည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းမှုကို ခြိမ်းခြောက်နေကြောင်း တောင်ကိုရီးယားအစိုးရက ဝေဖန်ထားသည်။

မေ ၃၀ ရက် ဒုံးကျည်စမ်းသပ် ပစ်လွှတ်မှုတွင် တာတိုပစ်ဒုံးကျည်များသည် မိုင်ပေါင်း ၂၃၀ အကွာအဝေးတွင်ရှိသည့် ပစ်မှတ်ကျွန်းတစ်ကျွန်းကို ထိမှန်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ရုရှားနှင့် ယူကရိန်း အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုပြုလုပ်

**မော်စကို မေ ၃၁**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ယနေ့တွင် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုပြုလုပ်ခဲ့ရာ နှစ်ဖက်အကျဉ်းသား စုစုပေါင်း ဦးရေ ၁၅၀ ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရုရှားနှင့် ယူကရိန်းတို့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုတွင် ရုရှား အကျဉ်းသား ၇၅ ဦး ပြန်လည်လွတ်မြောက်လာကြောင်း ရုရှား ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကျဉ်းသားချင်း အပြန် အလှန်လဲလှယ်မှုအစီအစဉ်တွင် ယူကရိန်းအကျဉ်းသား ၇၅ ဦးလည်း ပြန်လည်လွတ်မြောက်လာကြောင်း ယူကရိန်းအစိုးရက အတည်ပြုထားသည်။


ယနေ့အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုသည် ရုရှားနှင့် ယူကရိန်းတို့အနေဖြင့် လေးလနီးပါး ကာလအတွင်း ပထမဆုံး အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် ရုရှားနှင့် ယူကရိန်းတို့သည် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုအား အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အကာဆူကီ သောကြာဂြိုဟ်လေ့လာရေးအာကာသယာဉ် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်နေ



**တိုကျို မေ ၃၁**

အကာဆူကီအမည်ရှိ သောကြာဂြိုဟ်လေ့လာရေး အာကာသယာဉ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်နေကြောင်း ဂျပန်အာကာသအေဂျင်စီက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အကာဆူကီ အာကာသယာဉ်သည် သောကြာဂြိုဟ်ကို လက်ရှိလှည့်ပတ်ပျံသန်းဆဲဖြစ်သည့်တစ်စင်းတည်းသော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် သောကြာဂြိုဟ်၏ လေထုလွှာကို လေ့လာရေးအတွက် ၂၀၁၀ ပြည့်နှစ်တွင် အကာဆူကီအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်း အာကာသယာဉ်သည် ၂၀၁၅ ခုနှစ်တွင် သောကြာပတ်လမ်းအတွင်း အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ပြီး သောကြာဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်နိုင်ခဲ့သည်။

သို့ရာတွင် အကာဆူကီအာကာသယာဉ်မှာ ဧပြီလကုန်ပိုင်းမှစ၍ မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ် ပြုလုပ်ခြင်းမရှိကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဂျပန် အာကာသအေဂျင်စီသည် အကာဆူကီအာကာသယာဉ်နှင့် အဆက်အသွယ်ပြန်ရရေးအတွက် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပရိုဂရက်စ် - ၈၈ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ရုရှားအာကာသအေဂျင်စီ လွှတ်တင်ခဲ့

**မော်စကို မေ ၃၁**

ရုရှား အာကာသအေဂျင်စီသည် မေ ၃၀ ရက်တွင် ပရိုဂရက်စ်-၈၈ အမည်ရှိ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၈၈ အာကာသကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနောအာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ပရိုဂရက်စ်-၈၈ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် လောင်စာရည်နှင့် စားနပ်ရိက္ခာအပါအဝင် ကုန်ပစ္စည်းစုစုပေါင်း သုံးတန်ခန့် သယ်ဆောင်သွားကြောင်း သိရသည်။



ပရိုဂရက်စ်-၈၈ အာကာသကုန်တင်ယာဉ်သည် ဇွန် ၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိသည်။

ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ပြီးနောက် ခြောက်လကြာ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ချိန်တွင် ပရိုဂရက်စ်-၈၈ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်မှ အသုံးမလိုသည့် ပစ္စည်းများ ပြန်လည်သယ်ယူလာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာနှင့် ဘိုးရင်းကုမ္ပဏီက စတားလိုင်နာအာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို ပစ်စင်သို့ နေရာရွှေ့ပြောင်းထား

**ဝါရှင်တန် မေ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာအာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို မေ ၃၀ ရက်တွင် ပစ်စင်သို့ နေရာရွှေ့ပြောင်းထားကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ဇွန် ၁ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

နာဆာနှင့်ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၆ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားသော်လည်း အက်တလပ်စ်-၅ ဒုံးပျံ ပြဿနာတစ်ရပ်ကြောင့် မလွှတ်တင်မီနှစ်နာရီအလိုတွင် အစီအစဉ် ဖျက်ခဲ့ရသည်။

ဇွန် ၁ ရက်မစ်ရှင်တွင် စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိဘဲ စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဘိုးရင်းကုမ္ပဏီသည် နာဆာအဖွဲ့နှင့် ရယူထားသည့် သဘောတူညီချက်အရ နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ပေးရေးအတွက် စတားလိုင်နာ အာကာသယာဉ်ကို တည်ဆောက်စမ်းသပ်နေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## Metoclopramide ဆေး ရေရှည်သုံးစွဲမှုက စိတ်ကျဝေဒနာဝင်ရောက်မှု၊ ကြွက်သားများအားနည်းလာမှုများနှင့် ဆက်စပ်နေ

**လန်ဒန် မေ ၃၁**

Metoclopramide ခေါ် အပျို့အအန်ပျောက်ဆေးတစ်မျိုး ရေရှည်သုံးစွဲမှုသည် စိတ်ကျဝေဒနာဝင်ရောက်မှု၊ ကြွက်သားများ အားနည်းလာမှုပြဿနာများနှင့် ဆက်စပ်နေကြောင်း မေ ၃၀ ရက် သတင်းများအရ သိရသည်။

Metoclopramide ဆေးသည် ဓာတုကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံးများကြောင့် ပျို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာမကြေခြင်းကြောင့် ပျို့အန်မှုများကို ကုသရာတွင် အသုံးပြုသည့်ဆေးဖြစ်သည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Metoclopramide ဆေးများရေရှည်သုံးစွဲပါက စိတ်ကျဝေဒနာနှင့် အာရုံနှာဗ်ဆဲလ်ပြဿနာများ ရှိလာနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ လူနာများအနေဖြင့် Metoclopramide ဆေးကို ငါးရက်ထက် ပိုမသုံးသင့်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက သတိပေးထားသည်။

Metoclopramide ဆေးများကို ငါးရက်ထက်ပို၍ စွဲသုံးပါက အာရုံနှာဗ်ဆဲလ်ပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

Metoclopramide ဆေးများသည် ပျို့အန်မှုကို စတင်သည့် အစာခြေလမ်းကြောင်းစနစ်နှင့် ဦးနှောက်တို့ကြား အချက်ပြလမ်းကြောင်းစနစ်ကို ပိတ်ပင်ပေးခြင်းဖြင့် ပျို့အန်မှုကို ကုသပေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အိုမီဂါ-၃ ဖက်တီးအက်စစ်က ရန်လိုစိတ်နှင့် ဒေါသစိတ်ကို လျှော့ချပေးနိုင်

**နယူးယောက် မေ ၃၁**

ငါး၊ နှမ်းကြွတ်စေ့နှင့်သစ်ကြားသီးတွင်တွေ့ရသည့် အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ရန်လိုစိတ်နှင့် ဒေါသစိတ်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း မေ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အာဟာရဓာတ်များကို ဆန်းစစ်ထားသည့်လေ့လာချက်ပေါင်း ၂၀ ကျော်ကို ပြန်လည်လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်ဖြည့်စွက်ဆေးများကို အနည်းဆုံး သီတင်းနှစ်ပတ်သုံးစွဲထားသူများတွင် ရန်လိုစိတ်နှင့် ဒေါသစိတ် ပေါ်ထွက်နိုင်ခြေမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းပိုနည်းပါးလာကြောင်း သိရသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ရန်လိုစိတ်နှင့် ဒေါသစိတ်များသူများ၌ ပုံမှန်အလုပ်မလုပ်သည့် ဦးနှောက်ယန္တရားစနစ်များကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ယူဆထားသည်။

လူသားများ အသက်ရှင်သန်ရေးအတွက် လိုအပ်သည့် အဆီဓာတ်တစ်မျိုးဖြစ်သော အိုမီဂါ-၃ ဖက်တီးအက်စစ်ကို လူ့ကိုယ်ခန္ဓာက သဘာဝအလျောက် ထုတ်လုပ်ပေးနိုင်မှုမရှိပေ။

အိုမီဂါ-၃ ဖက်တီးအက်စစ်ကို ငါးကွမ်းရှပ်နှင့် ဆယ်လ်မွန်ငါးကဲ့သို့ ငါးများနှင့် နှမ်းကြွတ်စေ့၊ သစ်ကြားစေ့နှင့် ပဲပိစပ်ကဲ့သို့သော အစေ့အဆန်များမှတစ်ဆင့် ရယူနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# နိုင်ငံတကာ အားကစားသတင်းများ

## လက်စတာအသင်းက ပီအက်ဗွီအသင်းနည်းပြဟောင်း နစ္စတယ်ရွိုင်းကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**လန်ဒန် မေ ၃၁**

ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့် ရရှိထားသည့် လက်စတာအသင်းသည် နည်းပြမာရက်စ်ကာနေရာတွင် ပီအက်ဗွီအသင်းနည်းပြဟောင်း နစ္စတယ်ရွိုင်းနှင့်အစားထိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

နည်းပြနစ္စတယ်ရွိုင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်ဗွီအသင်းအား အကောင်းဆုံးဦးဆောင်၍ နယ်သာလန် KNVB ဖလားနှင့် ဂျိုဟန်ခရိုက်ဒိုင်းတို့ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ဘောလုံးရာသီမကုန်ဆုံးမီ အသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ခြင်းဖြစ်ပြီး ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၂)တွင်သာ ရပ်တည်နိုင်ခဲ့သည်။

နည်းပြ နစ္စတယ်ရွိုင်းသည် ကစားသမားဘဝက မန်ယူအသင်းတွင်ကစားခဲ့ရာ ဂိုးသွင်းအများဆုံးကစားသမားရင်း၌ ပါဝင်ခဲ့ပြီး အောင်မြင်မှု ရယူနိုင်ခဲ့ပြီးနောက် ယခုအခါ နည်းပြဘဝဖြင့် ပရီးမီးယားလိဂ်အောင်မြင်မှုရယူရန် ဆန္ဒရှိနေသဖြင့် လက်စတာအသင်းက ချဲလ်ဆီးအသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့သွားသည့် နည်းပြမာရက်စ်ကာနေရာတွင် အစားထိုးနိုင်ရန်အတွက် နည်းပြနစ္စတယ်ရွိုင်းကို ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၇ နှစ်ရှိ နည်းပြနစ္စတယ်ရွိုင်းသည် ပီအက်ဗွီအသင်းကြီးကိုတာဝန်မယူခင်က ပီအက်ဗွီ ယူ-၁၉ အသင်းနည်းပြ တာဝန်ယူခဲ့ပြီး လူငယ်ကစားသမားများကို စွမ်းဆောင်ရည်ပိုင်း တိုးတက်အောင် ၎င်း၏အတွေ့အကြုံများဖြင့် ကူညီပေးခဲ့ပြီးနောက် နယ်သာလန်အသင်း လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ နည်းပြတစ်ဦးအတွက် လိုအပ်သည့် အရည်အချင်းများကို လေ့လာသင်ယူခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**





## ဖီနာဘာချီအသင်းက နည်းပြမော်ရင်ဟိုကို နှစ်နှစ်စာချုပ်ဖြင့်ခန့်အပ်ရန် သဘောတူညီမှုရရှိ




**အစ္စတန်ဘူလ် မေ ၃၁**

တူကီယဲထိပ်တန်းကလပ် ဖီနာဘာချီအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြမော်ရင်ဟိုကို နှစ်နှစ်စာချုပ်အပြင် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ဖြင့် နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဖီနာဘာချီအသင်းသည် ယခုနှစ်ဘောလုံးရာသီ တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် အဆင့်(၂)နေရာဖြင့်သာ ရာသီသိမ်းခဲ့ပြီး ချန်ပီယံဆု လက်လွတ်ခဲ့ရသဖြင့် နည်းပြကာတယ်နှင့် လမ်းခွဲခဲ့ကာ နည်းပြသစ်အဖြစ် မော်ရင်ဟိုကို ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၆၁ နှစ်ရှိ နည်းပြမော်ရင်ဟိုသည် ဥရောပထိပ်တန်းကလပ်အသင်းကြီးများ ဖြစ်သည့် ပေါ်တိုအသင်း၊ ချဲလ်ဆီးအသင်း၊ အင်တာမီလန်အသင်း ၊ ရီးရဲလ်မက်ဒရစ်အသင်း၊ မန်ယူအသင်း၊ စပါးအသင်းနှင့် ရိုးမားအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး ဆုဖလားများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ပြီးခဲ့သည့်ဘောလုံးရာသီ ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ရိုးမားအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး နည်းပြလောကမှ ခေတ္တအနားယူခဲ့ကာ လာမည့်ဘောလုံးရာသီတွင် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်မည်ဟု ကြေညာခဲ့ပြီးနောက် ဖီနာ ဘာချီအသင်း နည်းပြအဖြစ် ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

ဖီနာဘာချီ အသင်းသည် လာမည့်ဘောလုံးရာသီတွင် တူကီယဲစူပါလိဂ်ဖလားကို ပြန်လည်စိန်ခေါ်နိုင်ရန်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲကိုလည်း ဝင်ရောက်ခွင့်ရရှိထားသည့်အတွက် ဥရောပပြိုင်ပွဲအတွေ့အကြုံရှိသည့် နည်းပြမော်ရင်ဟိုကို ခန့်အပ်ရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

## မန်ယူအသင်းက ချဲလ်ဆီးကစားသမား ချာလိုဘတ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်း

**မန်ချက်စတာ မေ ၃၁**

မန်ယူအသင်းသည် အသင်းမှထွက်ခွာမည့် ခံစစ်ကစားသမား ဗာရာနီ၏နေရာတွင် အစားထိုးရန်အတွက် ချဲလ်ဆီး အသင်းမှ ခံစစ်ကစားသမား ချာလိုဘတ်ကို စတာလင်ပေါင် ၂၅ သန်း ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

နည်းပြတန်ဟတ်၏ မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဗဟိုခံစစ်ကစားသမားများ မကြာခဏ ဒဏ်ရာရနေသဖြင့် ခံစစ်ပိုင်းပြဿနာနှင့် ကြုံတွေ့ခဲ့ရပြီး ယခုအခါ ဗဟိုခံစစ်ကစားသမား ဗာရာနီက အသင်းမှထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် ခံစစ်ပိုင်းလိုအပ်ချက်အတွက် ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ချာလိုဘတ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းကလည်း ဖွန်လမကုန်မီ အသင်းမှကစားသမားအချို့ ရောင်းချ၍ ပရီးမီးယားလိဂ်၏ ဘဏ္ဍာရေးစည်းမျဉ်းကို ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းနေသကဲ့သို့ ခံစစ်ကစားသမား ချာလိုဘတ်ကို ရောင်းချမည်ဖြစ်သောကြောင့် မန်ယူအသင်းကခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေခဲ့ပြီး ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် ၂၅ သန်းသာရှိသောကြောင့် အပြောင်းအရွှေ့ ဖြစ်မြောက်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် အသင်းပိုင်ရှင်သစ် ရက်ကလစ်ကလည်း အသင်း၏ ကစားသမားခေါ်ယူမှု မူဝါဒများကို ပြောင်းလဲခဲ့ကာ အသက် ၂၅ နှစ်အောက် ကစားသမားများကိုသာ ခေါ်ယူရန်ဆုံးဖြတ်ထားပြီး ချာလိုဘတ်သည် လာမည့် ဇူလိုင်လမှသာ အသက် ၂၅ နှစ်ပြည့်မည်ဖြစ်သောကြောင့် အသင်း၏ မူဝါဒနှင့် ကိုက်ညီနေကာ ပရီးမီးယားလိဂ် အတွေ့အကြုံရှိသည့် ကစားသမားလည်းဖြစ်သည့်အတွက် နည်းပြတန်ဟတ် လက်အောက်တွင် တိုးတက်မှုများရှိနိုင်ပြီး အသင်းတွင် ခံစစ်ကစားသမား မက်ဂွဲယား၊ မာတီနက်ဇ်တို့နှင့် ပွဲထွက်ခွင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။




ချာလိုဘတ်သည် ချဲလ်ဆီးအသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်သည့် ကစားသမားဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် အနားယူခဲ့ရပြီး ပြိုင်ပွဲစုံ ၁၇ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး ဆွန်ဟောင်မင်ကို တစ်နှစ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့ပြီး မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းက ရိုဒရီဂိုကို ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ကစားသမားအနေဖြင့် လာမည့်နွေရာသီတွင် အပြောင်းအရွှေ့တွင် ရီးရဲလ်မက်ဒရစ်မှ ထွက်ခွာမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဆော်ဒီပရိုလိဂ်မှ အသင်းများက ဘာစီလိုနာတောင်ပံကစားသမား ရာဖင်ဟာအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ထိ ပေးချေမည်ဖြစ်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- မန်ယူအသင်း ဂိုးသမား ဘာရင်ဒီယာက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်နေကြောင်း သိရသည်။

**ML**

## French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျိုကိုဗစ်တက်ရောက်

**ပဲရစ် မေ ၃၁**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် စပိန်တင်းနစ် ကစားသမား ကာဘယ်လက်စ်တို့ ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားကြောင်း သိရသည်။



ဂျိုကိုဗစ်သည် French Open တင်းနစ်ပြိုင်ပွဲတွင် ၁၉ နှစ်ဆက်တိုက် တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကို သုံးကြိမ်အထိရရှိထားကာ ဂရန်းစလန်းဆုဖလား ၂၅ လုံး အထိရယူနိုင်ရေး ပစ်မှတ်ထားလျက်ရှိသည်။

ဂျိုကိုဗစ်က “ဒုတိယအဆင့်မှာ ကာဘယ်လက်စ်နဲ့ ယှဉ်ပြိုင်ကစားရတဲ့ပွဲစဉ်မှာ အခက်အခဲတစ်ချို့ရှိခဲ့တယ်။ နောက်ဆုံးပွဲငယ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ မြင့်မားတဲ့ လယ်ဗယ်တစ်ခုနဲ့ ကစားနိုင်ခဲ့တယ်။ တတိယအဆင့်မှာလည်း ဒီလိုလယ်ဗယ်မျိုးနဲ့ ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် တတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား မူဆက်တီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် မူဆက်တီနှင့် ငါးကြိမ်ဆုံတွေ့ခဲ့ဖူးပြီး ဂျိုကိုဗစ်က လေးကြိမ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဘန်လေအသင်းက အသင်းနည်းပြ ရာထူးအတွက် ချဲလ်ဆီးအသင်းနည်းပြဟောင်း လမ်းပတ်ကိုခန့်အပ်ရန် ဆွေးနွေးမှုပြုလုပ်



**လန်ဒန် မေ ၃၁**

ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည့် ဘန်လေအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ချဲလ်ဆီးအသင်း နည်းပြဟောင်း လမ်းပတ်ကို ခန့်အပ်ရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

နည်းပြ ကွန်ပနီသည် ဂျာမန်ထိပ်တန်းကလပ် ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူကိုင်တွယ်ရန် အသင်းနည်းပြရာထူး လစ်လပ်နေသည့်အတွက် ဘန်လေအသင်းက လမ်းပတ်ကို ခန့်အပ်နိုင်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

နည်းပြလမ်းပတ်သည် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် နည်းပြအဖြစ် ၂၀၁၈ ခုနှစ်က ဒါဘီအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် အတွက် ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ရာထူးမှ ထုတ်ပယ်ခဲ့ရသကဲ့သို့ ၂၀၂၂ ခုနှစ်ကလည်း အဲဗာတန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း တစ်ရာသီအတွင်း ထုတ်ပယ်ခံခဲ့ရသည်။

ထို့နောက် နည်းပြလမ်းပတ်သည် ၂၀၂၃ ခုနှစ်က ချဲလ်ဆီးအသင်း ယာယီနည်းပြအဖြစ် ပြန်လည် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ရလဒ်မကောင်းသည့်အတွက် ရာသီအကုန်တွင် လမ်းခွဲခဲ့ပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# တိုက်စစ်မှူးကာဗာနီ နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်းကြေညာ

**မွန်တီဗီဒီယို မေ ၃၁**

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီသည် ကိုပါအမေရိကဖလားပြိုင်ပွဲ မတိုင်မီ ရက်သတ္တသုံးပတ်အလိုတွင် နိုင်ငံလက်ရွေးစင် ကစားသမားဘဝမှာအနားယူရန် ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ တိုက်စစ်မှူး ကာဗာနီသည် နိုင်ငံလက်ရွေးစင် ဥရုဂွေးအသင်းအတွက် ၂၀၀၈ ခုနှစ်က ပါဝင်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၃၆ ပွဲတွင် သွင်းဂိုး ၅၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ဒုတိယမြောက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် အသင်းအတွက် ဆယ်စုနှစ်နှစ်စုနီးပါး ပါဝင်ကစားခဲ့သောကြောင့် နည်းပြဘိုင်ရယ်ဆာက လာမည့် ဇွန် ၂၀ ရက်တွင်ကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲဝင်မည့် ကစားသမားစာရင်းတွင် ရွေးချယ်ခဲ့သည်။

သို့သော် ကာဗာနီအနေဖြင့် ဘိုကာဂျူနီယာ အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်လိုသောကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲမတိုင်မီ ရက်သတ္တသုံးပတ်အလိုတွင် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ကြေညာခဲ့သည်။

ကာဗာနီသည် ဥရုဂွေးအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လေးကြိမ်အထိပါဝင်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂါနာအသင်းအား နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သည့် ပွဲစဉ်သည် ၎င်း၏ နိုင်ငံအသင်းကစားသမားဘဝအတွက် နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့ကြောင်း သိရသည်။



ကာဗာနီက "နိုင်ငံအသင်းအတွက် ကျွန်တော်လုပ်နိုင်တာအားလုံးကို ပေးဆပ်ခဲ့ပြီးပါပြီ။ လက်ရှိမှာ ကျွန်တော့်ကစားသမားဘဝအတွက် နောက်ထပ်စာမျက်နှာတစ်ခုကိုသွားရဖို့ အချိန်တန်ပြီလို့ထင်ပါတယ်။ ဒါကြောင့် အနားယူဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် မေ ၃၁**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့သော်လည်း ရောဝတီအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် စန်းသော်သော်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရောဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေး ကစားရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့် ရောဝတီအသင်းက ပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၃ မိနစ်တွင် ဇီတာရှင်းကလည်းကောင်း၊ ပွဲချိန် ၈၃ မိနစ်တွင် စန်းသော်သော်ကလည်းကောင်း ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၅) ပြီးဆုံးချိန်တွင် ISPE အသင်းက ရှုံးပွဲမရှိသေးဘဲ သုံးပွဲနိုင် နှစ်ပွဲသရေ ရမှတ် ၁၁ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဆက်လက် ဦးဆောင်နိုင်ခဲ့ပြီး ပွဲစဉ် (၆) ပွဲစဉ်များကို လာမည့် ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် ဆက်လက် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲကို ဇွန် ၁ ရက်တွင်စတင် ကျင်းပမည်

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များကို ဇွန် ၁ ရက်မှ စတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်း၊ တောင်ဒဂုံအားကစားကွင်းနှင့် ပဒုမ္မာအားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များအဖြစ် ဇွန် ၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက် ယူ-၂၀အသင်းနှင့် ရောဝတီယူနိုက်တက် ယူ-၂၀ အသင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ISPE ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀အသင်း၊ ပဒုမ္မာအားကစားကွင်းတွင် မြဝတီယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အလားတူ ဇွန် ၂ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ Junior Lions ယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် သစ္စာအားမာန် ယူ-၂၀ အသင်း၊ စလင်းအားကစားကွင်းတွင် ဒဂုံစတားယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**STA**

# RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဒေးဗစ်စကင် ဦးဆောင်

**အော့တဝါ မေ ၃၁**

ကနေဒါနိုင်ငံတွင် ကျင်းပနေသည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဒေးဗစ်စကင်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဆီအန်းအိုဟဲနှင့် ဆမ်ဘန်းတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အသက် ၄၂ နှစ်အရွယ် ဒေးဗစ်စကင်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် PGA Tour တွင် ချန်ပီယံဆုဖလားတစ်ကြိမ်မှ ဆွတ်ခူးနိုင်ခဲ့ဖူးခြင်းမရှိသေးသည့်အတွက် ကစားသမားဘဝ ပထမဆုံးသော PGA Tour ဆုဖလားကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ဒေးဗစ်စကင်က "ဂေါက်သီးရိုက်ကစားသမားအနေနဲ့ ဖြတ်သန်းလာတာ နှစ်ပေါင်း ၂၀ ကျော်နေပါပြီ။ ခက်ခဲတဲ့ပြိုင်ပွဲတွေ တော်တော်များများကို ဖြတ်သန်းခဲ့ဖူးတယ်။ လက်ရှိပြိုင်နေတဲ့ပြိုင်ပွဲဟာ အခက်အခဲဆုံးပြိုင်ပွဲတွေထဲမှာ ပါဝင်နေတယ်လို့ ခံစားမိပါတယ်။ ဒါပေမဲ့ ပထမနေ့မှာရရှိထားတဲ့ ရလဒ်နဲ့ပတ်သက်ပြီး အံ့ဩမိတဲ့ရလဒ်မျိုးဖြစ်တယ်ဆိုတာကိုတော့ ဝန်ခံပါတယ်" ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။ **Ref : RT**
**Trs : AZL**



# ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေလို

မောင်သောင်းဆင်း(တမန်ဟောင်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပညာရေးဝန်ကြီးဌာနသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မေ ၂၃ ရက်မှစ၍ ဇွန် ၂ ရက်ထိ ကျောင်းသူ၊ ကျောင်းသားများအားလုံးကို ကျောင်းအပ်နှံမှုလက်ခံလျက်ရှိပြီး ဇွန် ၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းများဖွင့်တော့မည်ဖြစ်သည်။ မိဘများကလည်း ရင်သွေးငယ်များကို အားတက်သရော ကျောင်းအပ်နှံလျက်ရှိကြသည်။ ကျောင်းအုပ်ကြီးများနှင့် ကျောင်းတာဝန်ခံများအနေဖြင့် ဒေသအာဏာပိုင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်ပူးပေါင်းကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ထောက်ကူပစ္စည်းများ လုံလောက်ရေး၊စာသင်ခန်းများ၊ အိမ်သာများနှင့် ကျောင်းဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာမှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့သည်။

**ကြိုတင်ပြင်ဆင်**

အထူးသဖြင့် ကျောင်းသားမိဘများသည် ကလေးငယ်များအတွက် ပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များတွင် နာမည်များကပ်ခြင်း၊ ကျောပိုးအိတ်၊ ထမင်းဘူးနှင့် ရေဘူးများပြင်ဆင်ခြင်း၊ ကျောင်းဝတ်စုံများကို ဝတ်ဆင်ကြည့်ခြင်း၊ ထီး၊ ဖိနပ်၊ မိုးကာများကို အသင့်ပြင်ဆင်ခြင်း စသည်တို့ကို လိုလေသေးမရှိအောင်လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ကျောင်းဖယ်ရီကားနှင့် ဘာသာရပ်အလိုက် ကျူရှင်များကိုလည်း အပူတပြင်းစုံစမ်းလျက်ရှိသည်။ ကျောင်းပြောင်းအတွက် ကျောင်းအုပ်ကြီးများ၏ထောက်ခံချက်ရရှိရေးကြိုးပမ်းနေကြရသည်။ မိဘများအနေဖြင့် သား၊ သမီးများအတွက် လိုလေသေးမရှိအောင်ကြိုတင်ပြင်ဆင်လျက်ရှိသည်။ လက်လုပ်လက်စားမိဘများသည်ပင်လျှင် သား၊ သမီးများအတွက် ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။ မိဘတိုင်းသည် သား၊ သမီးများ မျက်နှာမငယ်စေရန်အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ကြရသည်။ စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ပင်ရှိသည်။

**ကျောင်းအပ်နှံမှုနှုန်းမြင့်တက်လာ**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသော အချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို အထက်တန်းအဆင့်ထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုနှုန်း သိသာစွာမြင့်တက်လာခဲ့သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည်နှင့်အမျှ ရေမြင့်ကြာတင့်ဆိုသလို စာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာ မြင့်တက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

> ❖ ပညာသင်ခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ ၅၆ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူ သုံးသန်းခန့်သာရှိသည်။ အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်းအဆင့်ရှိသူသည် ၇၀ ရာခိုင်နှုန်းခန့် ရှိနေသည်။ တစ်နိုင်ငံလုံးတွင် ဘွဲ့ရ၊ နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာပြီးမြောက်သူဦးရေသည် ၁၃ ရာခိုင်နှုန်းခန့်သာရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ❖

အမှန်တော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင် အခမဲ့ပညာရေးစနစ် သတ်မှတ်ခဲ့သဖြင့် ကျောင်းအပ်နှံစရိတ်အထိုက်အလျောက်သက်သာလာသောကြောင့် ကျောင်းသားမိဘများသည် စိတ်ချမ်းသာလျက်ရှိကြသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**အခြေအနေကောင်းများဖန်တီးပေး**

ကျောင်းသားလူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြုကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာ ရှိသင့်သည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

စင်စစ်အားဖြင့် ကျောင်းသူ၊ ကျောင်းသားအားလုံး ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးသည်လည်း များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ကလေးများအတွက် သန့်ရှင်းသောမုန့်ဈေးတန်းများ၊ အိမ်သာများ၊ လေဝင်လေထွက်ကောင်းသောစာသင်ခန်းများရှိစေရေးအတွက် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များနှင့် မိဘများ၏ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်ပေသည်။

**အဖျက်အမှောင့်လုပ်သူများ**

လွန်ခဲ့သောနှစ်အတွင်း PDF အကြမ်းဖက်သမားများသည် စာသင်ကျောင်းများကို မီးရှို့ခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း၊ လူမှုအသိုက်အဝန်းမှ ကျဉ်ဖယ်ခြင်း၊ မဟုတ်မမှန်ပြောဆိုဝေဖန်တိုက်ခိုက်ခြင်း၊ ကျောင်းသားမိဘများကိုလည်း ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ရင်သွေးငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်သမားများသည် အမှား၊ အမှန်ကို ခွဲခြားနိုင်စွမ်းအတော်လေးအားနည်းလာကြပြီဖြစ်သည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

စင်စစ်အားဖြင့် စာသင်ခန်းများပြန်လည်ဖွင့်လှစ်ပြီး စာဖတ်၊ စာအံသံများကြားရခြင်းသည် မိဘတိုင်းအတွက် မင်္ဂလာရှိသောနေ့ရက်များပင်ဖြစ်သည်။ သို့သော် အချို့သောမိဘများသည် အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန်သွေးထိုးလှုံ့ဆော်ဝါဒဖြန့်နေမှုများကို နားယောင်ကာ ကလေးငယ်များကို ကျောင်းအပ်ရန် ချီတုံချတုံဖြစ်နေကြသည်။ ကလေးကို ကျောင်းသို့လွှတ်လျှင် ဘေးကင်းလုံခြုံမှုမရှိဟု ဆိုကြသည်။ မှားယွင်းသောယူဆချက်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာကျောင်းများတွင် လုံခြုံရေးအာမခံချက်ရှိအောင် ဆောင်ရွက်ပေးမည်မှာ အသေအချာပင်ဖြစ်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**

အမှန်တော့ ကျောင်းနေအရွယ်ကလေးများအားလုံး စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ဆရာ၊ မိဘ၊ ဒေသဆိုင်ရာအာဏာပိုင်များအပြင် တာဝန်သိပြည်သူလူထုကြီးကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားသင့်သည်။ အထူးသဖြင့် ကျောင်းသားမိဘများအနေဖြင့် အဖျက်အမှောင့်လုပ်နေသူများ၏ လျှို့ဝှက်အကြံအစည်နှင့်လှုပ်ရှားမှုများကို လုံခြုံရေးတပ်ဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသို့ အချိန်မီအသိပေးသွားသင့်သည်။ ကလေးငယ်များ စိတ်အေးချမ်းသာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် မိဘများ၏ပူးပေါင်းဆောင်ရွက်မှုများစွာ အထူးလိုအပ်သည်။ မိဘများအနေဖြင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာအချက်အလက်များကို ကျောင်းအုပ်ကြီးများကိုအပြုသဘောဆောင်စွာဖြင့် အကြံပြုသွားသင့်ပေသည်။ အထူးသဖြင့် ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းဆောင်ရွက်မှုအားကောင်းနေမည်ဆိုလျှင် အဖျက်အမှောင့်သမားများ၏ယုတ်ညံ့သောအကြံအစည်များကို လွယ်ကူစွာ ကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။

**ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေလို**

စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရသည် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး စာသင်ခန်းအတွင်း ရောက်ရှိနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့်ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့ကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ပေသည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သောမျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် ကျောင်းထွက်သူပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပညာသင်ခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေ ၅၆ သန်းကျော်ရှိသည့်အနက် ဘွဲ့ရသူ သုံးသန်းခန့်သာရှိသည်။ အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၇ သန်းခန့်တွင် မူလတန်းနှင့် အလယ်တန်း အဆင့်ရှိသူသည် ၇၀ ရာခိုင်နှုန်းခန့် ရှိနေသည်။ တစ်နိုင်ငံလုံးတွင် ဘွဲ့ရ၊ နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာပြီးမြောက်သူဦးရေသည် ၁၃ ရာခိုင်နှုန်းခန့်သာရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးဆောင်ရွက်ရာတွင် အစိုးရအပြင် မိဘ၊ ဆရာ၊ ဒေသခံပြည်သူများသည် အဖျက်အမှောင့်သမားများ၊ ပြည်ပလက်ဝေခံများ၊ မတရားအသင်း NUG၊ CRPH၊ PDF များ၏မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်နေမှုများ၊ လှုံ့ဆော်နေမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်နေမှုများကို နားမယောင်ဘဲ ပကတိအခြေအနေမှန်ကို ရှုမြင်လျက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားသင့်သည်။ မည်သို့ပင်ဆိုစေ ကျောင်းသူ၊ ကျောင်းသားအားလုံး စာသင်ခန်းအတွင်း ရောက်ရှိပြီး ပညာသင်ယူခွင့်ရရှိနေမှသာလျှင် တိုင်းပြည်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်သွားမည့် ထိုကလေးများ၏ အနာဂတ်သည် ပိုမိုတောက်ပြောင်လာမည်ဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# My Bloody Valentine ဇာတ်ကားကို Blumhouse ရုပ်ရှင်ကုမ္ပဏီ ပြန်လည်ဆန်းသစ်ရိုက်ကူးဖွယ်ရှိ




**နယူးယောက် မေ ၃၁**

Blumhouse ရုပ်ရှင်ကုမ္ပဏီသည် My Bloody Valentine ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးဖွယ်ရှိကြောင်း မေ ၃၀ ရက် သတင်းများအရ သိရသည်။

My Bloody Valentine ဇာတ်ကားသည် ၁၉၈၁ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ထိတ်လန့်သည်းဖို လူသတ်သမား ဇာတ်ကားဖြစ်ကြောင်း သိရသည်။

မူလ My Bloody Valentine ဇာတ်ကားကို ကနေဒါ ဒါရိုက်တာ ဂျော့မီဟယ်ကာက ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

မူလ My Blooding Valentine ဇာတ်ကားသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းသာရရှိခဲ့သော်လည်း စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းထိ ရရှိခဲ့သည်။

လက်ရှိအချိန်တွင် Blumhouse ၏ My Bloody Valentine ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာနှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို မသိရသေးကြောင်း သိရသည်။

Blumhouse ရုပ်ရှင်ကုမ္ပဏီသည် Paranormal Activity နှင့် Insidious ကဲ့သို့သော နာမည်ကျော်ထိတ်လန့်သည်းဖို ဇာတ်ကားများကို ထုတ်လုပ်ခဲ့သောရုပ်ရှင်ကုမ္ပဏီဖြစ်သည်။

My Bloody Valentine ဇာတ်ကားသည် လူသတ်သမားတစ်ဦး၏ အန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရသည့် ဗယ်လင်တိုင်းနေ့ပါတီပွဲ တက်ရောက်သူများ၏ အဖြစ်ကို ပုံဖော်ရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# UFO နောက်ခံရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ်တွင် ရုံတင်ပြသရန် စီစဉ်ထား

**နယူးယောက် မေ ၃၁**

ကမ္ဘာကျော်ဒါရိုက်တာကြီး စတီဗင်စပီးဘာ့၏ အမျိုးအမည်မသိ အာကာသယာဉ်ပျံများ (UFO) နောက်ခံ ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မေ ၂၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ စတီဗင်စပီးဘာ့သည် ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်နှင့် ထပ်မံလက်တွဲဆောင်ရွက်မည်ဖြစ်သည်။

ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်သည် မူလ Jurassic Park အပါအဝင် စတီဗင်စပီးဘာ့၏ ရုပ်ရှင်ဇာတ်ကားတချို့ကို ဇာတ်ညွှန်းရေးသားပေးခဲ့ဖူးသူဖြစ်သည်။

ဒါရိုက်တာ စတီဗင်စပီးဘာ့သည် ၁၉၇၇ ခုနှစ်တွင် Close Encounters of The Third Kind အမည်ရှိ UFO နောက်ခံဇာတ်ကားတစ်ကားကို ရိုက်ကူးခဲ့ဖူးသည်။

လက်ရှိတွင် စတီဗင်စပီးဘာ့၏ UFO ဇာတ်ကားသစ်နှင့်ပတ်သက်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

ဒါရိုက်တာ စတီဗင်စပီးဘာ့ ရိုက်ကူးထားသော နောက်ဆုံးဇာတ်ကားမှာThe Fablemans(2022) ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# ကျွန်တော်ချစ်တဲ့ မခင်နှင်းဆီ ဇာတ်ကားကို ဇွန်လပထမပတ်တွင် Mahar Application မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် မေ ၃၁**

ကြောင်ကမ္ဘာဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျွန်တော်ချစ်တဲ့ မခင်နှင်းဆီ ဇာတ်ကားကို HD Quality ဖြင့် Mahar Application မှ ဇွန်လပထမပတ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

ကျွန်တော်ချစ်တဲ့ မခင်နှင်းဆီ ဇာတ်ကား၏ ဝတ္ထုကို ဇော်ထွန်းက ရေးသားထားပြီး ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားကာ ဒါရိုက်တာ ဇော်ထွန်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် တစ်ပိုင်းတည်းအပြီး ဇာတ်ကားလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးကတော့ တစ်ပိုင်းတည်းအပြီးအနေနဲ့ ထုတ်လွှင့်ပြသသွားမယ်လို့ သိရပါတယ်။ ဇာတ်လမ်းလေးကတော့ ကျေးလက်တောရွာက ကျောင်းဆရာလေးတစ်ယောက်နဲ့ မြို့ကြီးရောက်သွားတဲ့ တောသူတစ်ယောက် ဆုံတွေ့ကြတဲ့ သာမန်အချစ်ဇာတ်ကားလေးတစ်ကားဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

ကျွန်တော်ချစ်တဲ့ မခင်နှင်းဆီ ဇာတ်ကားတွင် သရုပ်ဆောင် နေထူးနိုင်၊ ပြည့်ဝတီမောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Knives Out -3 ဇာတ်ကား၌ မင်းသား အင်ဒရူးစကော့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၃၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Knives Out-3 ဇာတ်ကားသစ်၌ မင်းသား အင်ဒရူးစကော့လည်းပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၃၀ ရက် သတင်းများအရသိရသည်။

Wake Up Dead Man ဟူ၍ အမည်ပေးထားသော Knives Out-3 ဇာတ်ကားတွင် မင်းသား အင်ဒရူးစကော့သည် မင်းသား ဒန်နီယယ်ခရိတ်၊ ဂျို့အိုကွန်နာ၊ မင်းသမီး ကိုင်လီစပေနီတို့နှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။


Knives Out-3 ဇာတ်ကားတွင် မင်းသား ဒန်နီယယ်ခရိတ်သည် အလွတ်စုံထောက် ဘင်နွိုက်ဘလန့် ဇာတ်ကောင်နေရာတွင် ထပ်မံသရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Knives Out-3 ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Knives Out-3 ဇာတ်ကားသစ်ကို ဒါရိုက်တာ ရိုင်ယန်ဂျွန်ဆင်က ရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

ဒါရိုက်တာ ရိုင်ယန်ဂျွန်ဆင်သည် မူလ Knives Out (2019)နှင့် Glass Onion: A Knives Out Mystery ဇာတ်ကားကို ရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# လားရှိုးမြို့နယ် မန်ပျဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လားရှိုး မေ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ပျဉ်ကျေးရွာအုပ်စု မန်ပျဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မန်ပျဉ်ကျေးရွာအုပ်စု မန်ပျဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်း ရေးဆွဲရမည့် စာရင်းဇယားများ ဖြည့်သွင်းရေးဆွဲထားခြင်းရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လားရှိုးမြို့နယ် မန်ပျဉ်ကျေးရွာအုပ်စု မန်ပျဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# 130 industries registered to produce legal products this financial year


A private industry in operation.

**Mandalay May 31**

A total of 130 industries have been allowed for registration to officially produce products in order to develop SME businesses in Mandalay Region this financial year, said U Win Bo, Director of Mandalay Region SME Department.

It was earmarked to allow 450 businesses depending on varieties of goods on a manageable scale.

This financial year, 63 businesses were allowed to produce foodstuffs, 14 to clothing, 11 to personal goods, two to agricultural produce, one to minerals and 39 to general small scale industries, totalling 130.

"This financial year, registration will be issued to 450 industries. So far, 130 registration cards have been certified. We allow registration to businesspersons to operate manageable scale businesses," he explained.

The SME industries will produce foodstuffs, clothing, accommodation, personal goods, household goods, printing and press industries, raw materials, mineral processing, agricultural machinery, electronics, machinery, transport vehicles, general SME businesses and others. 185

# Bee diseases control, treatment conducted to boost honey product

**Nay Pyi Taw May 31**

Apiculture Culture Branch in Nay Pyi Taw under Department of Livestock Breeding and Veterinary stated that the department is conducting prevention of bee diseases and treatment measures across the nation to boost production of honey.

Some 900 beekeeping businesspersons are operating some 100,000 behives across the nation, producing some 4,500 tons of honey per year. Now, control of diseases at bee is being conducted throughout the nation to boost honey production.

"Businesspersons focus on breeding of bee in central Myanmar, mostlt in Mandalay and Mayway regions, Nay Pyi Taw Council area and Shan State where beed diseases are being controlled. Treatment of bee diseases must be done from the end of April to the third week of May. Preventive measures against bee diseases must be done in August and in December. Monthly disease treatments have to be done across the nation," said U Myo Tint, Deputy Director of the Apiculture Branch in Nay Pyi Taw.


Vets visiting a beekeeping business for disease control.

Only when all camps of beekeeping participate in disease control and treatment measures across the nation will they be free from bee disease without infection to other camps.

In Magway Region, sic township beekeeping camps and 78 private beekeepers operate more tnhan 13,000 beehives.

They produce 60 per cent sesame and jujube honey, 30 per cent of sunflower honey and 10 per cent of all flower honey. Sunflower honey fetches the highest price in foreign market. Myanmar sends honey to Japan, China, Korea and Thailand as its main trade partners. ASH

# YRTC introduces route maps on YBS buses for improved passenger convenience

**Yangon May 31**

According to U Lyan Kyin Marn from the Yangon Region Transport Committee (YRTC), route maps will be installed on various YBS bus lines operating within Yangon Region.

Currently, the bus lines with route maps installed include Line 24 from YUPT Company, Line 14 from YBPC Company, Line 9 from Bandoola Company, and Line 6 from Ludu Meikswew Company.

"We are installing YBS route map stickers on the buses to make it convenient for travelers. By looking at the route maps, passengers can see which stop they are at and which stops are coming next. They can also find out which other bus lines run on those routes. We have installed these stickers on YBS buses," said U Lyan Kyin Marn.

Additionally, route maps will be installed on six bus lines from Shwe Taung Paing Company, two bus lines from Konbaungg Yangon Company, and 10 bus lines from Pyi Santhu Company. These route maps will also be made available on an app for easy viewing.

ASH

# NASA, Boeing to launch Starliner's first crewed mission to space station

**Los Angeles May 31**

The U.S. National Aeronautics and Space Administration (NASA) and Boeing are targeting Saturday, June 1, for the launch of the first crewed mission of the Starliner spacecraft to the International Space Station (ISS), according to NASA.

During a Flight Test Readiness Review Wednesday at NASA's Kennedy Space Center in Florida, leaders from NASA, Boeing, and United Launch Alliance (ULA) verified launch readiness, including all systems, facilities, and teams supporting the test flight.

The Starliner spacecraft will launch on a ULA Atlas V rocket from Cape Canaveral Space Force Station in Florida.

The flight test will carry NASA astronauts Butch Wilmore and Suni Williams to the ISS. The duo are the first to launch aboard Boeing's Starliner to the space station as part of the agency's Commercial Crew Program.

The astronauts will spend about a week at the orbiting laboratory before returning to Earth, according to NASA.

The spacecraft was previously scheduled to launch on May 6, but the launch attempt was scrubbed due to technical issues.

Xinhua

# UN remembers its fallen peacekeepers

**New York May 31**

The world body on Thursday held events at its headquarters in New York to honor the memory of the UN peacekeepers who lost their lives since 1948.

UN Secretary-General Antonio Guterres laid a wreath at the Peacekeepers Memorial on the premises of UN Headquarters in New York to pay homage to the more than 4,300 UN peacekeepers who lost their lives since 1948. He later presided over a ceremony at which Dag Hammarskjold Medals were awarded posthumously to 61 peacekeepers from 33 countries who died last year serving under the UN flag.

The world is going through a difficult and dangerous time. The international community is deeply divided. Conflicts rage; divisions are rife; and there's an alarming lack of political support for solidarity and practical solutions. At every step, civilians -- children, women and men -- bear the brunt, said Guterres at the Dag Hammarskjold Medal ceremony. Xinhua


UN Secretary-General Antonio Guterres (L) attends a wreath laying ceremony at the UN headquarters in New York, on May 30, 2024.

# More than 20,000 travellers visit Shwedagon Pagoda from January to April 2024


Local and international visitors seen on the platform of the Shwedagon Pagoda in Yangon.

**Yangon May 31**

More than 26,000 international travellers visited Shwedagon Pagoda in Yangon from January to April 2024, said U Boe Thin, member of the pagoda board of trustees.

A total of 6,830 travellers visited the pagoda in January 2024, 7,474 travellers in February, 7,206 travellers in March and 4,557 travellers in April, totalling 26,067.

The member of the pagoda board of trustees said: "Some 20,000 travellers per day visit the pagoda on weekdays and some 40,000 to 50,000 on weekends. In this regard, about 200 foreign travellers arrive there daily. They come from China, Thailand and Vietnam. During the four-month period, more than 26,000 travellers visited the pagoda. On 22 May which is coincided with the Vesak Day, the Buddha Day will be celebrated on the grand scale in conjunction with the water pouring ceremony at Bo tree at Shwedagon Pagoda."

Currently, pilgrims are allowed to pay homage to the pagoda from 5 am to 8 pm daily. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plans underway to grow more than 2,000 acres of kitchen crops in Sagaing Township

**Sagaing May 31**

Sagaing Township of Sagaing Region will grow 2,273 acres of kitchen crops this monsoon, according to the township Agriculture Department.

In 2024-25 financial year, local farmers will plant 1,611 acres of onion and 662 acres of chilli in monsoon, totalling 2,273.

"Sagaing Township earmarked cultivation of 2,273 acres of kitchen crops this monsoon. We will arrange cultivation of kitchen crops in all sown acrea. We will help local farmers use GAP system and prevent pests," said U Zaw Oo, Head of Township Agriculture Department.

In 2023-24 FY, they earmarked 2,248 acres of kitchen crops in Sagaing Township but they grew


A kitchen crop plantation.

2,245 acres of crops including 1,594 acres of onion and 651 acres of chilli.

In 2023-24, the township set plans to grow 2,979 acres of kitchen crops but local farmers planted 2,377 acres including 1,274 acres of onion, 56 acres of garlic and 1,047 acres of chilli.

Agricultural officials helped local farmers use quality strains of crops, GAP system and high agricultural technical for boosting production.

206

# Kyaunggon Township farmers yield impressive 14,284 acres of winter cow peas

**Kyaunggon May 31**

A total of 14,284 acres of cow peas planted during the winter crop planting season in Kyaunggon Township, Kyonpyaw District, Ayeyawady Region, have been harvested, said U Kyaw Kyaw, head of the Department of Agriculture for Kyonpyaw District.

In the winter crop growing season in Kyaunggon Township, 14,284 acres of cow peas were planted. They were harvested in the first week of March and all acres have been fully harvested. It is reported that the harvest yielded up to 13.28 baskets per acre.

"The Department of Agriculture has worked together with related departments to ensure that the winter crops can be planted without difficulty," he said.

In order to grow oilseed crops in the township, the township's Department of Agriculture provides soil improvement methods, provides proper selection of peanut seeds, provides training on correct planting methods, and provides proper pesticide use methods and carries out work such as plant protection and pest control in advance. KKL


Workers reaping winter cow peas in a field.

# Hlinethaya Township (West) to construct 20 six-storey RC buildings

**Yangon May 31**

Yangon City Development Committee stated that a total of 20 six-storey RC buildings will be constructed in Hlinethaya Township (West) in Yangon Region through government-private cooperation.

These buildings will take positions on 2.508 acres of land under the management of Yangon Region government on the lane bewteen of Bo Aung Kyaw Street and Kyansittha Street in Ward 19 of Hlinethaya Township (West).

Myanmar citizen owned local companies will take responsibility for construction of these buildings. YCDC will invite tenders from Myanmar citizen owned companies in May and June for implementation of the project.

These companies have to submit tender to the tender verification committee of Yangon Region government. If they wish to know conditions of the project area, they can enquire at the Engineering Department (Buildings) of YCDC, tel: 09-891803069 during office hours.

Tender form and disciplines will be sold at the engineering department at No 399 on Merchant Street in Botahtaung Township of Yangon during office hours. For further information, dial 09-891803069 during office hours. 336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## လတ်ဗီးယားအစိုးရက တိုက်ပွဲဝင်တပ်ဖွဲ့များအတွက် ဒရုန်းတပ်ဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ရန် ယူရိုသန်း ၂၀ ရင်းနှီးမြှုပ်နှံ



လတ်ဗီးယားအစိုးရသည် စစ်မြေပြင် တိုက်ပွဲဝင်တပ်ဖွဲ့များအတွက် ဒရုန်းတပ်ဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ရန် ယူရိုသန်း ၂၀ ရင်းနှီးမြှုပ်နှံထားကြောင်း The Defense Post သတင်းဌာနက မေ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကြိုးပမ်းမှုသည် လတ်ဗီးယားတပ်မတော်၏ တိုက်စွမ်းရည်များကို ခေတ်မီ၊ အဆင့်မြှင့်တင်ရန်နှင့် ဒေသတွင်းကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းများတွင်မိတ်ဖက်များတိုးလာစေရန် ရည်ရွယ်လုပ်ဆောင်လာခြင်းလည်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံထားသောရန်ပုံငွေ ထက်ဝက်ခန့်ကို လတ်ဗီးယားနိုင်ငံကုမ္ပဏီများထံမှ ဒရုန်းများဝယ်ယူရန် အသုံးပြုသွားမည်ဖြစ်ပြီး ကျန်ငွေများကို ဇွန်လတွင် Selia ဒေသရှိ မိုဘိုင်းလ်လေ့ကျင့်ရေးနှင့် စမ်းသပ်ရေးအခြေခံအဆောက်အအုံတစ်ခုအတွက် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

လတ်ဗီးယားကာကွယ်ရေးဝန်ကြီး Andris Sprūds က ကုမ္ပဏီ ခုနစ်ခုခန့်သည် ဒရုန်းစမ်းသပ်မှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး ဒရုန်းအစင်း ၁၀၀၀ ထိ ဝယ်ယူရေးဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။

နိုင်ငံ၏မူဝါဒများနှင့်အညီ စာချုပ်ဆိုင်ရာလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ပါက ရွေးချယ်ထားသောကန်ထရိုက်တာကုမ္ပဏီများသည် ယူရိုခြောက်သိန်း ကနဦးလက်ခံရရှိမည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနသည် ကာကွယ်ရေးဝန်ဆောင်မှု၊ Colonel Oskar Kalpak အသက်မွေးဝမ်းကျောင်း အထက်တန်းကျောင်းနှင့် အမျိုးသားအစောင့်တပ်ဖွဲ့လက်အောက်ရှိလူငယ်တပ်ဖွဲ့တို့ပူးပေါင်း၍ ဒရုန်းပျံသန်းမောင်းနှင်ရေးအော်ပရေတာများ၊ လေယာဉ်မှူးများ မွေးထုတ်ပေးရန် အရည်အချင်းစစ် အစီအစဉ်များကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Sprūds က ပြောကြားခဲ့သည်။

လတ်ဗီးယားနိုင်ငံ ဒရုန်းတပ်ဖွဲ့သည် ယူကရိန်းအတွက် နိုင်ငံစုံမှ Drone ညွန့်ပေါင်းအဖွဲ့နှင့် မဟာမိတ်နိုင်ငံများ၏ ဒရုန်းစနစ်အမျိုးမျိုးကို ယူကရိန်းနိုင်ငံထံ လက်ရှိပံ့ပိုးပေးအပ်နေသည့် လုပ်ငန်းများနှင့် မသက်ဆိုင်ဘဲ သီးခြားအားထုတ်ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း Sprūds က အလေးပေးပြောကြားခဲ့သည်။

လတ်ဗီးယားနိုင်ငံမှ ဒရုန်းများသည် မကြာသေးမီကကြေညာခဲ့သော ဘောလ်တစ်-NATO ပူးပေါင်းဆောင်ရွက်မှုမှ မဟာမိတ်နိုင်ငံများ၏ နယ်နိမိတ်များကို အနာဂတ်ရန်လိုလားမှုများမှ ကာကွယ်မည့် ဒရုန်းတံတိုင်း ဖွဲ့စည်းတည်ဆောက်မည့် အစီအစဉ်နှင့်လည်း သီးခြားစီဖြစ်ပြီး ပတ်သက်မှု ရှိလိမ့်မည်မဟုတ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

သို့သော်လည်း လတ်ဗီးယားနိုင်ငံသည် ယူကရိန်းတပ်မတော်အတွက် ဒရုန်းများ ကူညီပံ့ပိုးပေးမည့်အစီအစဉ်များလည်းရှိနေသည်ဟု သိရသည်။

“ဒီအဆိုပြုချက်အောက်မှာ ပါဝင်တဲ့ အသေးစိတ် အချက်အလက်တွေကို ကျွန်တော်တို့သုံးသပ်သွားမှာပါ။ ဒါပေမဲ့ အဲဒါက ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဒရုန်းစွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရှေ့ဆက်သွားမဲ့ လုပ်ငန်းစဉ်တွေအပေါ် အဟန့်အတား ဖြစ်မှာမဟုတ်ပါဘူး။ ဒီနှစ်ဟာ ကြီးမားတဲ့ အောင်မြင်မှုတွေ တွေ့မြင်လာရမှာပါ။ အရေးကြီးဆုံးအချက်က ဒရုန်းတွေ ဘာကြောင့်လိုအပ်သလဲ။ ဘာကြောင့် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဒရုန်းတပ်ဖွဲ့တွေလိုအပ်သလဲ။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံရပ်ခြား၊ ပြည်ပက တင်သွင်းရောင်းချမှုတွေအပေါ် မမှီခိုဘဲ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်နဲ့ ပြည်တွင်း စက်မှုလုပ်ငန်းကိုအဆင့်မြှင့်တင်နိုင်ဖို့ဟာ ရေရှည်မှာနိုင်ငံတော်ကာကွယ်ရေးကိစ္စအတွက် အရေးအကြီးဆုံးအချက်ပဲဖြစ်ပါတယ်”ဟု Sprūds က ရှင်းလင်းပြောကြားသွားခဲ့သည်။

**Latvia Allocates $21M for ‘Drone Army’ Development ကိုဘာသာပြန်ဆိုထားပါသည်။**

## BSDA 2024 တွင် RAFAEL ကုမ္ပဏီက Iron Dome စနစ်သုံး ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို ထုတ်ဖော်ပြသ

ပင်လယ်နက်ကာကွယ်ရေးနှင့် အာကာသလေကြောင်း Black Sea Defense & Aerospace 2024 ကာကွယ်ရေးပြပွဲတွင် အစ္စရေးကုမ္ပဏီ RAFAEL သည် IRON SHIELD နှင့် IRON LANCE ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များအပါအဝင် လေကြောင်းရန်ကာကွယ်ရေးစနစ် အစိတ်အပိုင်းများကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်အသစ်များသည် SPYDER All in One (AIO) နှင့် DAVID'S SLING ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များပါဝင်ပြီး RAFAELကုမ္ပဏီက လေကြောင်းရန်ကာကွယ်ရေးစနစ်များတိုးတက်ဖွံ့ဖြိုးထုတ်လုပ်လာမှုများကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။ ထို့ပြင် တန်ပြန်ဒရုန်းစနစ်(C-UAS)နှင့် တန်ပြန်ဒရုန်း (C-UAV) စွမ်းဆောင်ရည်များပါရှိသော အဆင့်မြင့် DRONE DOME စနစ်ကိုပါ ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ပြီး ဒရုန်းခြိမ်းခြောက်မှုအန္တရာယ်များအတွက် ကာကွယ်နိုင်စွမ်းရှိမည်ဖြစ်သည်။

Black Sea Defense & Aerospace 2024 ကာကွယ်ရေးပြပွဲတွင် RAFAELကုမ္ပဏီသည် SPYDER AIO ကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထုတ်ဖော်ပြသခဲ့သည်။ လက်တွေ့တိုက်ပွဲဝင် သက်သေပြထားသော SPYDER လက်နက်စနစ်ကို နောက်ဆုံးပေါင်းထည့်ထားသည့် ၎င်းစနစ်သည် စနစ်များစွာ၏ အဓိကလုပ်ဆောင်ချက်များကို ရှစ်ဘီးတပ်ယာဉ်တစ်ခုတည်း၌ ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။ မတူညီသော မြေမျက်နှာသွင်ပြင်အနေအထားအမျိုးမျိုးတွင် မိနစ်ပိုင်းအတွင်း တပ်ဖြန့်နိုင်ပြီး ခြိမ်းခြောက်မှုများအပေါ် အချိန်တိုအတွင်း တုံ့ပြန်လုပ်ဆောင်နိုင်ကာ အုပ်ချုပ်မှု၊ ထောက်ပံ့မှုလိုအပ်ချက်အနည်းဆုံးဖြစ်စေရန် ထုတ်လုပ်ထားသည်။ ၎င်းစနစ်သည် လေကြောင်းရန် ကာကွယ်ရေးအတွက် ဖြေရှင်းနည်းလမ်းသစ်တစ်ရပ်ကို လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ပြီး ခေတ်ပြိုင်စိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်စေသည်။

ပြီးပြည့်စုံသော C-UAS နှင့် C-UAV ဖြေရှင်းချက်များပါရှိသည့် DRONE DOMEလက်နက်စနစ်သည် လုပ်ငန်းလည်ပတ်မှု အခြေအနေအမျိုးမျိုးတွင် ရန်လိုသော UAS နှင့် UAV တို့ကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းကာ တိုက်ခိုက်ဖျက်ဆီးနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် ပစ်မှတ်များကို ပျက်ပြယ်စေရန် အမျိုးမျိုးသောနည်းလမ်းများကိုအသုံးပြု၍ ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများမှကာကွယ်နိုင်ရန် အရေးကြီးသော လေကြောင်းရန်ကာကွယ်ရေး၊ ဒရုန်းရန်ကာကွယ်မှုအလွှာတစ်ခုအနေဖြင့် ပံ့ပိုးပေးနိုင်သည်။

ထို့ပြင် RAFAEL ကုမ္ပဏီသည် ပစ်မှတ်များစွာကို တစ်ပြိုင်နက် ထောက်လှမ်း၊ ခြေရာခံကာ စီမံခန့်ခွဲပေးနိုင်သည့် Passive Electro-Optical (EO)ကြိုတင်သတိပေးရေးစနစ် SKY SPOTTER ကိုလည်းထုတ်ပြထားသည်။ ၎င်းစနစ်သည် ရွေးချယ်သတ်မှတ်ထားသော ပစ်မှတ်များကို ၂၄ နာရီ နေ့ညမပြတ် အသေးစိတ်ရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြားဖော်ထုတ်၍ ကြိုတင်သတိပေးစွမ်းရည်နှင့် ပစ်မှတ်အချက်အလက်ဆိုင်ရာ တိုက်ပွဲဝင်စီမံခန့်ခွဲ လုပ်ဆောင်နိုင်စွမ်းကို မြင့်မားကောင်းမွန်စေသည်။

ထို့ပြင် ရိုမေးနီးယားတပ်မတော်တွင် ၂၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် SPIKE Precision Guided Tactical Missile အုပ်စုဝင် တိကျပဲ့ထိန်းလက်နက်များကိုလည်း ပြပွဲတွင်ပြသခဲ့သည်။

Iron Dome လက်နက်စနစ်တွင် အဓိကအစိတ်အပိုင်းသုံးခုပါဝင်ပြီး ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းရေးရေဒါ၊ တိုက်ပွဲဝင်စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှု (BMC)စင်တာ၊ Tamir ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များပါရှိသော ဒုံးပစ်စင်များဖြစ်သည်။ ရေဒါများ




သည် ပစ်မှတ်အများအပြားကိုတစ်ပြိုင်နက်တည်းခြေရာခံနိုင်ပြီး လူနေထူထပ်သောနေရာများကို ခြိမ်းခြောက်နိုင်သည့် ပစ်မှတ်များကိုဦးစားပေးပစ်မှတ်များအဖြစ် ဆုံးဖြတ်နိုင်စွမ်းရှိသည်။ အီလက်ထရွန်နစ်အာရုံခံကိရိယာများနှင့် အဆင့်မြင့်လမ်းညွှန်စနစ်များ တပ်ဆင်ထားသည့် Tamir ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များသည် ရာသီဥတုအခြေအနေနှင့် နေ့ရောညပါလည်ပတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းတို့သည် အကွာအဝေး ကီလိုမီတာ ၄၀ မှကီလိုမီတာ ၇၀ တွင် ဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်သည်။ လက်နက်စနစ်သည် ရွေ့လျားယာဉ်တင်စနစ်ဖြစ်သည့် အားလျော်စွာလုပ်ငန်းလည်ပတ်မှုလိုအပ်ချက်အရ မတူညီသောနေရာများကို ကာကွယ်ရန်အတွက် လျင်မြန်စွာတပ်ဖြန့်နေရာချထားနိုင်သည်။

**BSDA 2024: RAFAEL Unveils the Iron Lance Interceptor of the Iron Dome System ကိုဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၂၅၂၆ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံ နေကြာ ၂၅၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဆီထွက်သီးနှံနေကြာ ၂၅၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နေကြာစိုက်ခင်းများကို မတ်လ ဒုတိယပတ်က စတင်၍ ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံနေကြာ ၂၅၂၆ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် နေကြာ တစ်ဧကလျှင် ၁၇ ဒသမ ၂၃ တင်းထိထွက်ရှိခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်အတွင်းမှာ ဆောင်းနေကြာသီးနှံ ၂၅၂၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နေကြာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ ဆီထွက်သီးနှံနေကြာကို အထွက်နှုန်း ကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံနေကြာစိုက်ပျိုးနိုင်ဖို့အတွက် နေကြာမျိုးစေ့တွေကို ပံ့ပိုးပေးခဲ့ပါတယ်။ နေကြာသီးနှံ စိုက်ပျိုးတဲ့အခါမှာလဲ တစ်ကေချင်းစီအလိုက် အထွက်နှုန်းကောင်းစေဖို့ ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ရိတ်သိမ်းပြီးဖြစ်သော နေကြာများ အထွက်နှုန်းတိုးလာစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ စိုက်ပျိုးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။ **ကျော်ကျော်လင်း**

# တနိုင်းမြို့နယ် အောင်စိုးမိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တနိုင်း မေ ၃၁**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်စိုးမိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ အောင်စိုးမိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း စသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တနိုင်းမြို့နယ် အောင်စိုးမိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၇ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၉ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။ **နွဲ့ယဉ်**

# လယ်ဝေးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လယ်ဝေး မေ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတိုးမျှောင်ကျေးရွာအုပ်စု ကံဦးကျေးရွာနှင့်ကံဘေးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကံဦးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကံဦးကျေးရွာနှင့်ကံဘေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံဦးကျေးရွာနှင့်ကံဘေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ငွေကျပ် ၅၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၄၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

◻ ရှေ့ဖုံးမှအဆက်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abjay Thaku၊ Indian Council for Cultural Relations (ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr.Kumar Tuhin၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနု၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များမှ ICCR သင်တန်းသား၊ သင်တန်းသူဟောင်းများ၊ မြန်မာနိုင်ငံရှိ အိန္ဒိယနွယ်ဖွား ဗုဒ္ဓဘာသာဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Swami Vivekananda Cultural Center(SVCC)မှ ကျောင်းသား၊ ကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှု တေးဂီတဖြင့် သီဆိုကပြဖျော်ဖြေကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူများက ဆိမ်းခွက်အကဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H. E. Mr. Kumar Tuhin က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဝမ်းမြောက်မုဒိတာစကား ပြောကြားကြသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် Indian Council for Cultural Relations (ICCR)မှ ညွှန်ကြားရေးမှူးချုပ်တို့က ဆီမီးထွန်းညှိပူဇော်ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံ Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H. E. Mr. Kumar Tuhin က Conferring International Award for Promotion of Buddhism ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် သီတဂူဆရာတော်ကြီးက သြဝါဒစကားမြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဆက်ဆံရေးကောင်စီသည် ဗုဒ္ဓဘာသာထွန်းကားရေးအတွက် ဆောင်ရွက်ကြသော နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များ၊ တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို အသိအမှတ်ပြုဂုဏ်ပြုခြင်းနှင့် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတကာဆုကို ၂၀၂၁ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။ အဆိုပါဆုကို Otani University (Japan), Dr. Duong Thi Thanh Huong (Vietnum)နှင့် Mr. Choijamts Demberel (Mongolia)တို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်းများစွာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဗုဒ္ဓဘာသာဆက်နွယ်မှုကို မျှဝေခဲ့ကြပြီး ယဉ်ကျေးမှုပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ဘာသာသာသနာထွန်းကားပြန့်ပွားရန် ကြိုးပမ်းအားထုတ်မှုကို ပိုမိုအားကောင်းစေခဲ့ပြီး မတူကွဲပြားသော လူမှုအသိုက်အဝန်းများကြား သဟဇာတဖြစ်တည်မှုနှင့် နားလည်သဘောပေါက်မှုတို့ကို မြှင့်တင်ဆောင်ရွက်တော်မူနိုင်ခဲ့သည်။

သီတဂူဆရာတော်ကြီးအား ၂၀၂၃ ခုနှစ်တွင် "ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးဆောင်ရွက်မှုအတွက်" နိုင်ငံတကာဆုကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်ရာ ထိုဆုကို ဆက်ကပ်လှူဒါန်းခြင်းသည် ဆရာတော်ကြီး၏ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ပြည်ပနိုင်ငံများထိ ဗုဒ္ဓဘာသာနှင့် တရားဒေသနာတော်များ ပြန့်ပွားရေးအတွက် ကိုယ်ကျိုးမဖက် အလေးထားဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်




**ရန်ကုန် မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက်များနှင့် အမျိုးသားစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု၍ ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များကိုတွေ့ဆုံ၍ ပြည်သူများ စာပေဖတ်ရှုမှု အဆင်ပြေစေရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း၊ သတင်းအချက်အလက်များ မှန်ကန်စွာသိရှိစေရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိပေးရေးနှင့် လူငယ်များကို စာကြည့်တိုက်သို့ ဝင်ထွက်သွားလာ၍ စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရုံသာမက မိမိတို့ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို ပြန်လည်ဆွေးနွေးခြင်း၊ မျှဝေခြင်းတို့ကိုလည်း မဖြစ်မနေ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် စာကြည့်တိုက်ကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားပြီး ထောက်ပံ့ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင် ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ထွန်းဖောင်ဒေးရှင်း စာကြည့်တိုက်ကိုရောက်ရှိပြီး စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်နေသည့်အခြေအနေများ မေးမြန်းကာ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားပြီး စာအုပ်စာစောင် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ထွန်းဖောင်ဒေးရှင်း စာကြည့်တိုက်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး အသင်းသား ၂၃၉၆ ဦးဖြင့် စာငှား၊ စာဖတ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်တွင် မြန်မာဘာသာစာအုပ် ၇၅၀၀ ကျော်နှင့် အင်္ဂလိပ်ဘာသာစာအုပ် ၂၉၅၈၁ အုပ်၊ အခြားဘာသာစာအုပ် ၁၁၇ အုပ်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများနှင့် စာငှား၊ စာဖတ်လုပ်ငန်းများကို မေးမြန်းကြည့်ရှုကာ ဝန်ထမ်းများကို မိမိတို့ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များကို အများပြည်သူ ဝင်ထွက်သွားလာချင်စဖွယ်ဖြစ်အောင် ဖန်တီးပေးထားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များ၏ အသွင်အပြင်နှင့် ဥပဓိရုပ်များကို ယခုထက်ပိုမိုကောင်းမွန်စေရေး ပြင်ဆင်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများကို စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်၍ စာပေလေ့လာဖတ်ရှုနိုင်အောင် ကြိုးပမ်းပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို သွားရောက်လေ့လာ၍ တာဝန်ရှိသူများကို အမျိုးသားစာကြည့်တိုက်၏ ဝန်ဆောင်မှုလုပ်ငန်းများသည် ကောင်းမွန်သော်လည်း ပြည်သူများ လာရောက်အသုံးချမှုနည်းပါးနေသဖြင့် ပိုမိုအသုံးပြုလာစေရန် မိမိတို့ဝန်ကြီးဌာနက မီဒီယာအားဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ကို ပြည်သူများက ယခုထက်ပိုမိုအသုံးပြုကြစေရေး စည်းရုံးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံသို့သွားရောက်၍ အဆောက်အအုံ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို ယခုရုပ်ရှင်ရုံကြီးအား ဂုဏ်ပြုခံကဇာတ်ရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ လိုအပ်သည့်ပြင်ဆင်ဆောင်ရွက်မှုများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုအဆောက်အအုံကြီးသည် ရန်ကုန်မြို့၏ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီးတစ်ခုဖြစ်သည့်အတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျပြင်ဆင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ယခုနှစ် မိုးစပါးရာသီအတွက် သွင်းအားစုများအချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် ပူးပေါင်းကြိုးကြပ်ဆောင်ရွက်




**နေပြည်တော် မေ ၃၁**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့်ကုမ္ပဏီအလိုက်ပြည်ပမှတင်သွင်းရာတွင် စနစ်တကျဖြစ်စေရေး၊ မျှမျှတတဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုဖြစ်စေရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှန်တင်သွင်းသည့်ပမာဏကိုအခြေခံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းတင်သွင်းသွားမည်ကို အသိပေးပြောကြားလိုပါကြောင်း၊အမှန်တကယ်သုံးစွဲမှုကြောင့် ထပ်မံလိုအပ်ချက်ရှိလျှင်လည်း စိစစ်ပြီး ထပ်မံတင်ပြ၊ထောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံမြေသြဇာ၊မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ စိစစ်တင်ပြချက်အရ ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် စုစုပေါင်းဓာတ်မြေသြဇာတန်ချိန် ၆ ဒသမ ၇၉ သိန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၁၀၉၂၂ တန်တို့ ထောက်ခံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိပြီးမှု၊ တင်သွင်းပြီးမှု၊ အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းရန်နှောင့်နှေးမှုများရှိခဲ့ပြီး လိုင်စင်သက်တမ်းတိုးပေးထားမှုများအပေါ် ကုမ္ပဏီအလိုက် သွင်းအားစုများရောက်ရှိပြီး အခြေအနေတို့ကို ပြန်လည်တင်ပြပေးစေလိုကြောင်း၊ လိုအပ်သည့်အချက်အလက်များရရှိရေးကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးထားပါကြောင်း။

ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးမှုအနေဖြင့် ယခုနှစ် ဇွန်လတွင် ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်းဖြစ်လာသည့်အတွက် ရောင်းဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်ပြီး တောင်သူများအတွက် ဈေးနှုန်းသက်သာပါကြောင်း၊သို့သော်အချိန်ကြာလာသည်နှင့်အမျှ ပြည်ပပေါက်ဈေးအပြောင်းအလဲရှိနိုင်သည့်အတွက်ကြောင့် လုပ်ငန်းစဉ်များ မြန်ဆန်သွက်လက်ရန်လိုအပ်သဖြင့် သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန်မှာ ကြားလိုပါကြောင်း။

ယခုနှစ်မိုးစပါးရာသီအတွက် သွင်းအားစုများအချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ပူးပေါင်းကြိုးကြပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ထားမှုများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန်လျာထားချက်များနှင့် ထောက်ခံပေးခဲ့မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းကိုယ်စားလှယ်က လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းအကြံပြုရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများဈေးသက်သာစွာဖြင့် အချိန်မီရရှိရေးဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးပြီးပါက ဆက်လက်ဆောင်ရွက်မည့် ဆီထွက်သီးနှံနှင့်ဝါစိုက်ပျိုးရေးစီမံကိန်းများအတွက်ပါ ကြိုတင်မြော်တွေးစီစဉ်ဆောင်ရွက်ကြရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် မေ ၃၁**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ Meeting Hall ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့်ကိုယ်စားလှယ်များ၊ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေးကိုရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Protecting Children From Tobacco Industry Interference" ဖြစ်ကြောင်း၊ မြန်မာဘာသာဖြင့် “ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ်၊ သတိပြုကာကွယ်တို့လူငယ်”ဟု ဘာသာပြန်ဆိုထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာသုံးစွဲမှုမြင့်မားလာသည့်အချက်ကို အခွင့်ကောင်းယူ၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများသည် ၎င်းတို့၏ထုတ်ကုန်များကို သုံးစွဲလာစေရန်နည်းမျိုးစုံဖြင့် ဆောင်ရွက်လာကြကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်များကို ဦးတည်ဆွဲဆောင်လာကြကြောင်း၊အချို့သောသုတေသနအဖွဲ့အစည်းများကို ငွေကြေးအမြောက်အမြားပေးပြီး ၎င်းတို့၏ထုတ်ကုန်များကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုမရှိဟူသော သတင်းမှားများကို လူငယ်များထံသို့ ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် E-cigarette၊ Vape ၊ Heated Tobacco Products အစရှိသည့် အီလက်ထရောနစ်အငွေ့ရှူစက်များကို လူငယ်များသာမက ကလေးငယ်များအကြိုက်ဖြစ်အောင် ပုံစံအမျိုးမျိုး၊ အနံ့အရသာမျိုးမျိုးဖြင့်ထုတ်လုပ်ပြီး ထင်ပေါ်ကျော်ကြားလူသိများသူများဖြင့် လူမှုကွန်ရက်စာမျက်နှာနှင့် မီဒီယာများက အရောင်းမြှင့်တင်နေကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကိုအခြေခံ၍ ၂၀၀၆ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကိုပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း၊ အသက် ၁၈ နှစ်မပြည့်သေးသူကို ဆေးလိပ်ရောင်းချခြင်းမပြုရန်၊ ကျောင်းပရဝဏ်အတွင်းနှင့် ကျောင်းပရဝဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းမပြုရန် ဥပဒေအရ တားမြစ်ထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အတွက် အီလက်ထရောနစ် အငွေ့ရှူစက်များအပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုအန္တရာယ်နှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာမြှင့်တင်ပေးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် လူငယ်များကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၏ လှည့်ဖြားမှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန်အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်ကို လှည့်လှည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်




**ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်း ဒိုင်းဆုရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် အမျိုးသားအသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် မေ ၃၁**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲ အမျိုးသားပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်အသင်းနှင့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်းဆုရရှိသည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် အမျိုးသားအသင်းနှင့် နမ့်စန်လေတပ်စခန်းဌာနချုပ် အမျိုးသမီးအသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်းနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား ဘော်လီဘောအသင်း ၁၅ သင်း၊ အမျိုးသမီး ဘော်လီဘောအသင်း ၁၂ သင်းတို့ဖြင့် မေ ၂၀ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




**ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်း ဒိုင်းဆုရရှိသည့် နမ့်စန်လေတပ်စခန်းဌာနချုပ် အမျိုးသမီးအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။**

## ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ဆက်လက်ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ် ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန် နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ပဝင်ငွေတိုးတက်စေမည့် ဆီထွက်သီးနှံ "နှမ်း"





**ပြည်ပမှဆီတင်သွင်းမှုကိုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုးမြှင့်ဆောင်ရွက်ရာတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်ဝသည်အထိ အောင်မြင်စွာနည်းမှန်လမ်းမှန်စိုက်ပျိုးရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစွာရှိသည့်အနက် နှမ်းသီးနှံသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် အဆင့်မြှင့်ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သောတန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေးစသည်တို့ဖြစ်သည်။**

ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်သည် လူတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အခြေခံစားကုန်များဖြစ်သည်။ နေ့စဉ်စားသုံးသော မြန်မာဟင်းလျာများတွင် ဆီသည်မပါမဖြစ်အရာဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်က "ဆီရွှဲဖွဲ့တောင်ဟင်းဖြစ်"ဟုပင် တင်စားခေါ်ဝေါ်ကြသည်အထိ ဆီကိုနှစ်ခြိုက်စွာသုံးစွဲခဲ့ကြသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင်အသုံးများသောဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းဆီထုတ်လုပ်မှုသည် လိုအပ်ချက်များစွာရှိလာသည့်အတွက် ပြည်ပမှဆီတင်သွင်းမှုများရှိလာခဲ့သည်။ ထိုသို့ ပြည်ပမှဆီတင်သွင်းမှုကိုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုးမြှင့်ဆောင်ရွက်ရာတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်ဝသည်အထိ အောင်မြင်စွာနည်းမှန်လမ်းမှန်စိုက်ပျိုးရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစွာရှိသည့်အနက် နှမ်းသီးနှံသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် အဆင့်မြှင့်ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သောတန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေးစသည်တို့ဖြစ်သည်။ နှမ်းသီးနှံ၏မူရင်းဒေသမှာ အာရှတိုက်နှင့်အာဖရိကတိုက်အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသများတွင် စတင်စိုက်ပျိုးသည်။ မြန်မာနိုင်ငံတွင် နှမ်းသီးနှံကို ရှေးမြန်မာမင်းများလက်ထက် ပုဂံခေတ်နောက်ပိုင်းကာလများတွင် စတင်စိုက်ပျိုးသည်။ နှမ်းဆီကို ဟင်းချက်ရာတွင်လည်းကောင်း၊ ဆေးအဖြစ်လည်းကောင်း၊ ဆီမီးပူဇော်ရန်အတွက်လည်းကောင်း၊ မုန့်မျိုးစုံပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ နှမ်းနက်သည် ပြည်ပသို့တင်ပို့ရန်အတွက် အထောက်အကူပြုသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။

နှမ်းကိုအဓိကထားစိုက်ပျိုးသောနိုင်ငံမှာ တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တူကီယဲ၊ ရုရှား၊ ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှမ်းကိုဆီထွက်သီးနှံအဖြစ် စိုက်ပျိုးကြပြီး အထက်မြန်မာပြည်တွင် မကွေး၊ မြင်းခြံ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မြန်မာပြည်အောက်ပိုင်းဒေသတို့တွင်လည်း အမြောက်အမြားစိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် နှမ်းနက်မျိုးကို အဓိကထားစိုက်ပျိုးကြသည်။ နှမ်း၏အရောင်မှာ မျိုးကိုလိုက်၍ အနက်၊ အဖြူ၊ အညို၊ အနီနှင့်အဝါဟူ၍ ကွဲပြားသည်။ အနံ့မှာထူးခြားစွာမွှေးကြိုင်ပြီး အရသာမှာ အနည်းငယ်ခါးသက်သော အရသာရှိသည်။ အစေ့မှာ သေးငယ်၍ပြားပြီး ဘဲဥပုံသဏ္ဌာန်ရှိကာ အချင်း ၁ ဒသမ ၅ စင်တီမီတာခန့်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသောနှမ်းကို စိုက်ပျိုးရာသီအရ မိုးနှမ်းကို နှမ်းလျင်နှင့် ဆောင်းနှမ်းကို နှမ်းကြီးဟူ၍ နှစ်မျိုးရှိသည်။ နှမ်းပင်၏အမြင့်မှာ ၃ ပေခွဲမှ ၄ ပေခွဲအထိသာမြင့်ပြီး နှမ်းလျင်မှာ နှမ်းကြီးထက် အသက်ငယ်ပြီး နှမ်းလျင်၏အသက်မှာ ရက်ပေါင်း ၇၀ မှ ၁၀၀ အထိရှိပြီး နှမ်းကြီး၏အသက်မှာ ၁၂၀ ကျော်ရှိသည်။ နှမ်းသီးနှံတစ်တင်းလျှင် ၅၄ ပေါင်ရှိပြီး ဆီကြိတ်လျှင် ခြောက်ပိဿာခန့်ထွက်ရှိသည်။ နှမ်းစေ့ကိုအခွံချွတ်၍ ဆီကြိတ်လျှင် ဆီအရောင်ပိုကြည်၍ ခါးသက်သောအရသာလျော့သွားသည်။ နှမ်းဆီကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ သဘာဝမြေသြဇာများအဖြစ်လည်းကောင်း အသုံးပြုကြသည်။

နှမ်းသီးနှံတစ်ဧကလျှင် တင်း ၂၀ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အောက်ဖော်ပြပါနှမ်းသီးနှံစိုက်ပျိုးနည်းစနစ်များအတိုင်း ဆောင်ရွက်သွားရန်တိုက်တွန်းလိုသည်။

**စိုက်ပျိုးမြေ**

စိုက်ပျိုးသည့်မြေသည် ဓာတုနှင့် ဇီဝဆိုင်ရာအန္တရာယ်ကင်းသည့် မြေဖြစ်ရမည်။ မြေနေရာရွေးချယ်မည်ဆိုလျှင် နှမ်းသည်လုံလောက်သောရေအစိုဓာတ်ထိန်းထားနိုင်ရန်အတွက် ရေမဝပ်သောနုန်းမြေ သို့မဟုတ် သဲနုန်းမြေ သို့မဟုတ် နုန်းစနယ်မြေ သို့မဟုတ် မြေနီသဲဝန်းမြေများနှင့် ရေသွင်းရေထုတ်ကောင်းမွန်သော မြေဖြစ်ရန်လိုသည်။ နှမ်းသည် ရေစီးရေလာကောင်းပြီး မြေသြဇာထက်သန်သောမြေမျိုး၊ မစေးလွန်း၊ မဖွယ်လွန်းသောမြေမျိုးနှင့် မချဉ်လွန်း၊ မငန်လွန်းသောမြေမျိုးကို နှစ်သက်သည်။ အထူးသဖြင့် ပွရွသောမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ အစိုဓာတ်ထိန်းသိမ်းနိုင်၍ ရေမဝပ်သောမြေများကို ကြိုက်နှစ်သက်သည်။ မိုးရေနှင့်အစိုဓာတ်သင့်တင့်ပါက မြေမျိုးစုံ၌ စိုက်ပျိုးနိုင်သည်။

**မျိုးရွေးချယ်ခြင်း**

ဈေးကွက်ရှိပြီး ရေမြေဒေသနှင့်ကိုက်ညီသော မိုးခေါင်ဒဏ်ခံနိုင်သော ပိုးမွှားနှင့်မျိုးစေ့အောင်ရောဂါကင်းစင်သောမျိုးကိုရွေးချယ်စိုက်ပျိုးရမည်။ လက်ရှိစိုက်ပျိုးလျက်ရှိသော နှမ်းမျိုးများမှာ ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုးကွဲပြားလျက်ရှိပြီး မျိုးကွဲလည်းများစွာရှိသည်။ အဓိကအားဖြင့် တောင်သူများသည် နှမ်းကို နှမ်းလျင်နှင့် နှမ်းကြီးဟူ၍ ခွဲခြားကြသည်။ နှမ်းလျင်မှာ မိုးကြိုစိုက်အဖြစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း စိုက်ပျိုးနိုင်ပြီး မိုးစိုက်အဖြစ် မေလမှ ဇွန်လတွင် စိုက်ပျိုးနိုင်သည်။ လယ်သီးထပ်အဖြစ် အောက်တိုဘာလမှနိုဝင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ အသက်ရက်မှာ ၇၅ ရက်မှ ရက် ၉၀ ခန့်ရှိသည်။ နှမ်းကြီးကို မိုးနှောင်းစိုက်အဖြစ် ဩဂုတ်လမှစက်တင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ နေ့တာတုံ့ပြန်မှုရှိသဖြင့် အခြားအချိန်တွင် စိုက်ပျိုးလေ့မရှိ။ အသက်ရက်အားဖြင့် ရက်ပေါင်း ၁၂၀ မှ ၁၃၅ ရက်ခန့်ရှိသည်။

**နှမ်းသီးနှံစိုက်ပျိုးခြင်း**

နှမ်းသီးနှံစိုက်ပျိုးရန်အတွက် ထယ်ရေးတစ်စပ်ဝင်ထားပြီးနောက် မိုးဦးကျလာသည်နှင့်တစ်ပြိုင်နက် မြေမှုန့်ညက်သည့်တိုင်အောင် ထွန်ရေးနက်နက်နှင့် ညက်ညောစွာပြုပြင်ပေးရသည်။ နှမ်းကိုစိုက်ပျိုးမည့်မြေတွင် သွင်းအားစုများနှင့် နွားချေးဆွေးထည့်ပေးရသည်။ နှမ်းသီးနှံစိုက်ပျိုးရာတွင် မျိုးစေ့ချသောနည်းမှာ စိုက်ကြောင်းဆွဲထားသော စိုက်ကြောင်းထဲသို့ မျိုးစေ့များချပြီး ကျမ်းတုံးရိုက်၍ မြေပြန်လည်ဖုံးပေးရသည်။ နှမ်းပင်စိုက်ပျိုးရာတွင် အပင်ပေါက်ညီညာစေရန် နှမ်းစေ့များကို သဲခြောက်လေးဆ သို့မဟုတ် ငါးဆနှင့် သမအောင်ရောနှော၍ လက်ကိုင်အရှည်တပ်ထားပြီး အပေါက်ဖောက်ထားသော ဘူး သို့မဟုတ် ခွက်ထဲသို့ထည့်ကာ ကြောင်းတစ်လျှောက်၌ မျိုးစေ့များချပေးနိုင်သည်။ နှမ်းတစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့ နှစ်ပြည် သို့မဟုတ် သုံးပြည်ခန့် လိုအပ်သည်။ ၎င်းနောက် နှမ်းပင်များစိုက်ပျိုးပြီး ခြောက်ရက်အကြာတွင် အပင်ငယ်များပေါက်လာကြသည်။ ၁၆ ရက်အကြာတွင် လေးသွားထွန်ကိုသုံး၍ ကန့်လန့်ဖြတ်တိုက်ဆွဲပြီး အပင်ငယ်များကို မှန်းပေးရသည်။ အပင်များမှန်းပြီး ငါးရက် သို့မဟုတ် ခြောက်ရက်အကြာတွင် ပေါင်းထိုး၊ မြေဆွခြင်းများ ပြုလုပ်ပေးရသည်။ နှမ်းပင်ထူထပ်သောနေရာများ၌ မသန်စွမ်းသောအပင်များကို နုတ်ပေးရသည်။ သို့မှသာ နှမ်းပင်များသန်စွမ်းလာမည်ဖြစ်ပြီး ကြားပေါင်းသုံးကြိမ်ခန့် လိုက်ပေးသောအခါ ပေါင်းမြက်များကင်းစင်မည်ဖြစ်ကြောင်း တောင်သူဦးကြီးများအား မျှဝေတင်ပြလိုက်ရသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင်အခြေခံဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းမှန်ကန်စွာ စိုက်ပျိုးမည်ဆိုပါက ပန်းတိုင်အထွက်နှုန်းတိုးတက်စေမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထွက်သီးနှံမှရရှိသည့် ဝင်ငွေများတိုးလာနိုင်ပြီး ပြည်တွင်းစားသုံးဆီသုံးစွဲမှုလည်း ဖူလုံလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် သက်ဆိုင်ရာဌာနများအလိုက် တောင်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ဘရဏီကျော်**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မေ ၃၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာကလူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာကလူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကမာကလူပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၈၉ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ငွေကျပ် ၄ ဒသမ ၄၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၄၂၅ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်းဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၈ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ရန်ကုန်-ပြည်ကားလမ်း ဆင်မကြပ်ကျေးရွာအနီး၌ ထွန်းထွန်းဝင်း မောင်းနှင်ပြီး ထင်ကျော်နှင့် ဟိန်းမင်းမင်း(ခ) မှန်လေးတို့ လိုက်ပါလာသည့် ခြောက်ဘီးမော်တော်ယာဉ်ကိုသတင်းအရ ရှာဖွေရာ ယာဉ်ပေါ်၌အုတ်ခဲများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၄၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ဒသမ ၅ သိန်းသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၄ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ယာဉ်ပိုင်ရှင် ကျော်စွာထွန်း၊ ထွန်းထွန်း(ခ)မောင်မောင်နှင့်ရန်နောင်ထွေး(ခ)နောင်နောင်တို့ကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီးယင်းမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကလေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူလေးဦးသေဆုံးပြီး ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားများဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၉ ရက်တွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် တင်သားကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူ လေးဦး သေဆုံးကာ ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် အများပြည်သူ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံကာ လုပ်ကြံရေးသားထားသည် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်ရန် ရောက်ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁-၆-၂၀၂၄ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |

# ဘရာဇီးနိုင်ငံရှိ မျိုးသုဉ်းစာရင်းဝင် အပြာရောင်ကြက်တူရွေးများကို လုံးဝမျိုးသုဉ်းသွားရန် ရာသီဥတုပြောင်းလဲမှုက ခြိမ်းခြောက်နေ



**ဘရာစီးလီးယား မေ ၃၁**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ဘက်တွင် နေထိုင်ကျက်စားသော မျိုးသုဉ်းစာရင်းဝင် Spix's Macaw အပြာရောင် ကြက်တူရွေးများကို အပြည်ပြည်ဆိုင်ရာသဘာဝ ထိန်းသိမ်းရေးအဖွဲ့(IUCN)က ထိန်းသိမ်းကာကွယ်မှုများ ပြုလုပ်နေသော်လည်း ရာသီဥတုပြောင်းလဲမှုက ၎င်းတို့ကို လုံးဝမျိုးသုဉ်းသွားရန် ခြိမ်းခြောက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အပြာရောင်ကြက်တူရွေးများသည် ဆာအိုဖရန်စစ္စကို မြစ်ဝှမ်းတွင် အုပ်စုလိုက်နေထိုင်ကျက်စားကြပြီး ၁၉ ရာစုကစ၍ ရှားပါးနေပြီသဖြင့် IUCN က နှစ်အတော်ကြာ စစ်တမ်းကောက်ယူပြီးနောက်တွင် အဆိုပါမျိုးစိတ်များသည် မျိုးသုဉ်းစာရင်းဝင်မျိုးစိတ်များဖြစ်ကြောင်း ၂၀၀၀ ပြည့်နှစ်က တရားဝင်ကြေညာကာ ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အပြာရောင် ကြက်တူရွေးများသည် သစ်တောပြုန်းတီးမှုကြောင့် စားကျက်မြေများ ပျက်စီးပြီးနောက်ပိုင်းတွင် ပိုမိုဆိုးရွားလာကာ အကောင်ရေ ကျဆင်းလာကြောင်း၊ ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဘရာဇီးအစိုးရ၏ပံ့ပိုးကူညီမှုအောက်တွင် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုများအနေဖြင့် Spix's Macaw မျိုးစိတ် အကောင်ရေ ၂၀၀ ကို မွေးမြူရေးခြံများပြုလုပ်ပြီး ဂရုတစိုက် မွေးမြူခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လတွင် ၅၂ ကောင်ကို သဘာဝဘေးမဲ့တောများအတွင်းသို့ ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် ခြောက်သွေ့သောအခြေအနေများနှင့် တစ်နှစ်ပတ်လုံး မိုးခေါင်မှုက အဆိုပါငှက်အကောင်ရေကို ပိုမိုကျဆင်းစေကာ လုံးဝမျိုးသုဉ်းသွားမည်ကို IUCN နှင့် ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်မှုက လူနေမှုဘဝကို ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့

**နယူးဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မေ ၂၉ ရက်က အပူချိန်မြင့်တက်မှုသည် လူနေမှုဘဝကို ရိုက်ခတ်မှုများဖြစ်ပေါ်စေခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နယူးဒေလီမြို့သည် မေ ၂၉ ရက်က တစ်ကမ္ဘာလုံးတွင် အမြင့်ဆုံး အပူချိန် ၅၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ယနေ့တွင် အပူချိန်ကျဆင်းသွားခဲ့သော်လည်း ရေပြတ်လပ်မှုပြဿနာကိုမူ ဖြေရှင်းနိုင်သေးခြင်းမရှိကြောင်း၊ နယူးဒေလီ၏ အဓိကရေအရင်းအမြစ်ဖြစ်သော ယမုံနာမြစ်ရေရှားပါးမှုနှင့်ပတ်သက်ပြီး အစိုးရကို ပြည်သူများက အပြစ်တင်မှုဖြစ်ပွားနေကြောင်း၊ ပြင်းထန်သော အပူဒဏ်ကို မခံစားနိုင်သော ပြည်သူများသည် အစားအစာများကို အိမ်အရောက်ပို့စနစ်ဖြင့် မှာယူလာကြသည့်အတွက် ပို့ဆောင်ရေးဝန်ထမ်းများ ယခင်ကထက် ပိုမိုပင်ပန်းကာ အပူဒဏ်ကို ခံစားနေကြရကြောင်း သိရသည်။

အိန္ဒိယမြောက်ပိုင်း Jammu နှင့် Kashmir ပြည်နယ်တို့ အပါအဝင် နေရာအများအပြားတွင် ပြင်းထန်သော အပူချိန်ကြောင့် တောမီးနှင့် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားနေသဖြင့် အာဏာပိုင်များက စောင့်ကြည့်ကာ အချိန်မီ မီးငြိမ်းသတ်နိုင်ရေးဆောင်ရွက်နေကြရကြောင်း သိရသည်။

သဘာဝအတိုင်း ရာသီဥတုဖောက်ပြန်မှုထက် လူသားများ၏ လုပ်ဆောင်မှုကြောင့် ဖြစ်လာရသော ရာသီဥတုပြောင်းလဲမှုများကြောင့် ယခုကဲ့သို့ အခြေအနေပိုမိုဆိုးရွားလာခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့တတိယအကြီးဆုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်သည့်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ၎င်း၏စွမ်းအင်နှင့် ဆက်စပ်သော ဓာတ်ငွေ့ထုတ်လွှတ်မှုကို အတင်းအကျပ်လျှော့ချရန် မဖြစ်နိုင်သေးသော်လည်း ၂၀၇၀ ပြည့်နှစ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှု Net-Zero ဖြစ်လာရန် ရည်မှန်းထားကြောင်း သိပ္ပံပညာရှင်များ၏ ပြောကြားချက်များအရ သိရသည်။

**Ref : Xinhua News**
**Trs : KZ**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၂၇၅၀၀၀ ခန့်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် မေ ၃၁**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မေ ၂၇ ရက်မှစတင်၍ အားကောင်းသည့် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလဲကျမှုအပြင် လျှပ်စစ်ဓာတ်တိုင်များလည်း လဲကျခဲ့သည့်အတွက် လူနေအိမ် ၂၇၅၀၀၀ ခန့်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း ယနေ့ သတင်းများအရ သိရသည်။

မေ ၂၉ ရက် ညနေပိုင်းထိ လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည့် လူနေအိမ်ပေါင်း ၄၀၀၀၀၀ ကျော်ထိရှိခဲ့ပြီး တာဝန်ရှိသူများက မုန်တိုင်းအခြေအနေ တည်ငြိမ်သွားသည့် ဧရိယာတွင် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် အရေးပေါ် ဆောင်ရွက်ခဲ့သဖြင့် လျှပ်စစ်မီးပြတ်တောက်နေသည့် လူနေအိမ် ၂၇၅၀၀၀ ခန့်သာ ကျန်ရှိတော့ခြင်းဖြစ်ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တက္ကဆက်ပြည်နယ်အတွင်း မုန်တိုင်းအပြင် လေဆင်နှာမောင်းပါ ဝင်ရောက်ခဲ့တဲ့အတွက် လျှပ်စစ်ဓာတ်အားပေးစနစ်တွေ၊ ဓာတ်တိုင်တွေ လဲကျပျက်စီးခဲ့တယ်။ အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးသွားနိုင်ဖို့ ကြိုးစားပေးနေပါတယ်။ ဇွန် ၁ ရက်မှာ ပျက်စီးမှုအားလုံး ရာနှုန်းပြည့် ပြင်ဆင်ပေးနိုင်အောင် ကြိုးစားပေးနေပါတယ်"ဟု Sempra Energy ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၊ ကန်တပ်ကီပြည်နယ်နှင့် အနီးပတ်ဝန်းကျင် ပြည်နယ်တစ်လျှောက် မုန်တိုင်းအန္တရာယ်အပြင် လေဆင်နှာမောင်းအန္တရာယ်ဖြင့်ပါ ရင်ဆိုင်ခဲ့ရပြီး မုန်တိုင်းအန္တရာယ်နှင့် လေဆင်နှာမောင်းကြောင့် အမေရိကန်နိုင်ငံအတွင်း သေဆုံးသူ ၂၁ ဦးထိရှိခဲ့ကြောင်း အမေရိကန်အာဏာပိုင် အဖွဲ့အစည်းက အတည်ပြုထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ဩစတြေးလျတွင် ဇွန်လကုန်ပိုင်းမှစ၍ စိုစွတ်သည့်ရာသီဥတု ဖြစ်ပေါ်လာဖွယ်ရှိနေ

**ကင်ဘာရာ မေ ၃၁**

ဩစတြေးလျနိုင်ငံတွင် ဇွန်လတစ်လလုံး ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ဆက်လက်ရင်ဆိုင်ရမည်ဖြစ်သော်လည်း ဇွန်လကုန်ပိုင်းမှစတင်၍ အပူချိန်ကျဆင်းကာ စိုစွတ်သည့်ရာသီဥတု ဖြစ်ပေါ်လာဖွယ် ရှိနေကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇွန်လအတွင်း ဂျုံစိုက်ခင်းများကို အဓိက ရိတ်သိမ်းသွားမည်ဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် အထွက်နှုန်းကျဆင်းမည်ဖြစ်သော်လည်း ၂၀၂၃ ခုနှစ်ကထက် အထွက်နှုန်းကောင်းဖွယ်ရှိနေကြောင်း၊ ဂျုံစိုက်ခင်းရိတ်သိမ်းမှုအနေဖြင့် မက်ထရစ်တန်ချိန် ခန့်မှန်း ၂၈ သန်းမှ သန်း ၃၀ ထိ ရရှိဖွယ်ရှိနေကြောင်း၊ ၎င်းပမာဏသည် ၂၀၂၃ ခုနှစ်က ရိတ်သိမ်းနိုင်ခဲ့သော ပမာဏထက်မြင့်မားကြောင်းလည်း ဩစတြေးလျစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"မိုးလေဝသခန့်မှန်းချက်အရ ဇွန်လထိတော့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုနဲ့ရင်ဆိုင်သွားရမှာဖြစ်ပါတယ်။ ဇွန်လကုန်ပိုင်းလောက်ကနေစတင်ပြီးတော့ စိုစွတ်တဲ့ ရာသီဥတုဖြစ်ပေါ်လာဖွယ်ရှိနေပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံ စိုက်ခင်းများ အခက်တွေ့ခဲ့ရခြင်းဖြစ်ပြီး အထူးသဖြင့် ဩစတြေးလျအနောက်ဘက်ပိုင်း ပြည်နယ်များနှင့် တောင်ဘက်ပိုင်း ပြည်နယ်များတွင် ပူပြင်းခြောက်သွေ့မှုနှုန်း ပိုမိုဆိုးရွားခဲ့ကြောင်း၊ အစိုးရပိုင်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်း ကျဆင်းမှုဖြင့် ရင်ဆိုင်ရမည့် တောင်သူများအတွက် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသွားရန်ပင် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ECT ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူညီမှုရရှိ

**ဘရက်ဆဲလ် မေ ၃၁**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မေ ၃၀ ရက်က Energy Charter Treaty (ECT) ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံတွင် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ စာချုပ်မှအဖွဲ့ဝင်နိုင်ငံများအားလုံး နုတ်ထွက်ရန် သဘောတူညီချက် ရရှိခဲ့ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတချို့ဖြစ်သည့် နယ်သာလန်နိုင်ငံ၊ စပိန်နိုင်ငံ၊ အီတလီနိုင်ငံတို့သည် Energy Charter Treaty (ECT) ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ကြောင်း ၂၀၂၃ ခုနှစ်ကတည်းက တရားဝင်ထုတ်ပြန်ကြေညာထားပြီးလည်းဖြစ်ကြောင်း၊ စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် ကျန်ရှိနေသေးသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံးနီးပါးကလည်း စာချုပ်မှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာချုပ်ကို ၁၉၉၈ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး စာချုပ်ပါအချက်အလက်အရ ရုပ်ကြွင်းလောင်စာကုန်သွယ်မှုတွင် သက်ဆိုင်ရာနိုင်ငံအလိုက်မှ အစိုးရအဖွဲ့များက ရုပ်ကြွင်းလောင်စာကုန်သွယ်မှုကုမ္ပဏီများကို ကာကွယ်ပေးရမည်ဖြစ်သကဲ့သို့ ကာကွယ်ပေးရန် ပျက်ကွက်ပါက ရုပ်ကြွင်းလောင်စာကုန်သွယ်မှုကုမ္ပဏီများက အစိုးရကို တရားစွဲဆိုခွင့်ရှိသည့် အချက်များပါဝင်သော စာချုပ်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဥရောပသမဂ္ဂအဖွဲ့က ဦးဆောင်ကာ ဥရောပတိုက်အတွင်း ရုပ်ကြွင်းလောင်စာ သုံးစွဲမှုဖြတ်တောက်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိနေပြီး ရုပ်ကြွင်းလောင်စာကုန်သွယ်မှု ကုမ္ပဏီများကို အကာအကွယ်ပေးထားသော စာချုပ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်များကို အဟန့်အတား ဖြစ်စေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အမိုက်နိုဂုံး ဆုံးလေသော်

ကိုရွှေတောသား(ဆင်ကူး)



(၁)

ဘဝသည် ရေပွက်ပမာ တိုတောင်းလှပေ၏။ တိုတောင်းလှသည့်ဘဝ၌ တန်ဖိုးရှိသောအချိန်များ အလဟဿကုန်နေခဲ့ကြသည်။ အသိတရားတစ်ခု ရလာချိန် နောင်တတရားဖြင့် ညည်းညူမိသည်။ ရှင်သန်နေချိန်တစ်ခဏ၌ ကောင်းရန်ပြင်ဆင်ရတော့မည်ဟု သူတွေးမိသည်။ သံဝေဂရစရာ သည်မြင်ကွင်းကို သူ့မျက်လုံးများက မမှိတ်မသုန်ကြည့်နေမိသည်။ သူ့ရင်ထဲ ဆို့နင့်နေသည်။ ငိုချင်သော်လည်း အငိုခက်သည့်သူ့ဘဝကို ဆင်ခြင်မိသည်။ ကြေးစည်သံများ တလွင်လွင်ကြားနေရသည်။

"ဒူ ဝေ ဝေ ဝေ"

တစ်ယောက်တစ်ပေါက်ဖြင့် တီးတိုးစကားသံများလည်း ကြားနေရသည်။ အချို့က သေသူကိုသနားခြင်း အလျှင်းမရှိစွာ စက်ဆုပ်နေကြသေးသည်။ အချို့က အာဃာတတရားများပြေပျောက်ကာ ကရုဏာသက်ကြသည်။

"ကျော်ဝင်းကြီး အမိုက်နိုဂုံးချုပ်သွားပြီ"

ကြားလိုက်ရသည့် အမျိုးသမီးကြီးတစ်ဦး၏စကားသံကို ဆက်ကာနားစွင့်နေသည်။

"ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတာ သေသွားတာမှကောင်းသေး"

"အေးလေ။ မဟုတ်ရင် တစ်သက်လုံးဒုက္ခတွေပဲ ပေးနေတာ"

ထီးအတူတူဆောင်းထားသည့် ရွယ်တူအမျိုးသမီးကြီးက ထောက်ခံလိုက်သည်။

"တကယ်တော့ အဲဒီကျော်ဝင်းက ငါတို့နဲ့ဆွေမျိုးမကင်းဘူး။ သူ့စရိုက်နဲ့ငါတို့စရိုက်နဲ့က နည်းနည်းလေးမှ မအပ်စပ်တော့ မခေါ်မပြောဘဲ နေနေကြတာ"

"ဩော်. . ."

"အင်း ပြောလို့ပြောတာတော့ မဟုတ်ဘူးအေ့။ အမျိုးထဲ သူ့လိုလူမိုက်တစ်ယောက်ရှိနေတာလဲ တစ်မျိုးတော့ ကောင်းတယ်"

"ဟယ်တော် မမြင့်နဲ့တော့ ပြောရော့မယ်"

"ဟုတ်တယ် နွယ်ရဲ့။ တော်ရုံတန်ရုံ လူက ကျော်ဝင်းအစ်မတွေ၊ နှမတွေဟေ့ဆိုရင် မကျော်ရဲတော့ဘူး"

ကြားလိုက်ရသည့် အမျိုးသမီးကြီးစကားကြောင့် သူပြုံးလိုက်မိသည်။ ဟုတ်လည်းဟုတ်နေပြန်သည်။ ကျော်ဝင်းသည် အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် လုပ်နေတတ်သော်လည်း သွေးစည်းသည်။ သူ တစ်ပါး သားသမီး၊ သားမယားအပေါ်လည်း မကောင်းသည့်လုပ်ရပ်မျိုးမရှိဖူးခဲ့။

"ဒါနဲ့ ကိုကျော်ဝင်းကြီးက ကင်ဆာရောဂါနဲ့ ဆုံးတာဆို"

"ဘယ်က ကင်ဆာရောဂါဖြစ်မလဲ။ အရက်တွေ အသောက်များပြီး အသည်းကျွမ်းသွားတာပဲနေမှာ"

တစ်လမ်းလုံးကြားနေရသည့် သူငယ်ချင်းဖြစ်သူ အကြောင်းကို သူနားစွင့်နေမိသည်။

"မမြင့် အခု ကိုကျော်ဝင်းကြီးမရှိတော့ဘူးဆိုတော့ သူ့အိမ်နဲ့ခြံလေးကို ဘယ်လိုလုပ်ကြလဲ"

စိတ်ဝင်တစားမေးနေသည့် ထိုအမျိုးသမီး၏စကားကို သူလည်းစိတ်ဝင်စားစွာ နားစွင့်နေမိသည်။ သည်အခါ စကားသံသည် နည်းနည်းလေးမှ မကြားရတော့ပေ။ အမျိုးသမီးနှစ်ဦးထဲသာ ကြားနိုင်ရုံမျှ တီးတိုးပြောလိုက်ကြသည်။

"ဟယ် မမြင့်ရယ် ဖြစ်ပါ့မလားတော်"

"ဘာလို့ မဖြစ်ရမှာလဲ။ ရွာလူကြီးကလဲ ငါ့ယောက်ျား ညည်းတို့အစ်ကိုပဲလေ။ ပြီးတော့ ကျော်ဝင်းကလဲ မသေခင်က ငါတို့အိမ်နဲ့ မစိမ်းဘူး။ အဝင်၊ အထွက်ရှိခဲ့တာ လူတိုင်းသိတယ်။ အဲဒီတော့ ကျော်ဝင်း မသေခင် ငါတို့ဆီမှာ ရောင်းထားခဲ့တယ်ပေါ့အေ။ မဟုတ်ဘူးလား အဟင်း ဟင်း ဟင်း"

"ဟာ"

ကြားလိုက်ရသည့်စကားကြောင့် သူ့ရင်ထဲ ပို၍ ကြေကွဲရသည်။ လှမ်းနေသည့်ခြေလှမ်းများပင် တုံ့ဆိုင်းသွားရသည်။ တစ်ချိန်က ကျော်ဝင်းနှင့်သူသည် ဆိုးတူကောင်းဖက် စိတ်တူကိုယ်တူအပေါင်းအသင်းများဖြစ်ခဲ့ကြသည်။ သူ့အတွေးများ အတိတ်ကာလဆီသို့ ရောက်ရှိသွားတော့သည်။

(၂)

"ဗိုလ်စိန် သောက်ပါ အားမနာပါနဲ့"

ပြောပြောဆိုဆိုပင် ကျော်ဝင်းက တစ်ခွက်ပြီး တစ်ခွက် သောက်နေသည်။ သူ့အရက်ခွက်ထဲသို့ အရက်ထည့်ပေးရင်းက ပြောနေခြင်းဖြစ်သည်။

"ဗိုလ်စိန်ရေ ခင်ဗျားတို့ကျွန်တော်တို့ဘဝလောက် လွတ်လပ်တာ ဘာများရှိသေးလို့လဲ။ အိမ်ပြန်လို့ ရန်ဖြစ်စရာ မိန်းမလဲမရှိဘူး။ ငိုစား၊ ရယ်စားလုပ်မဲ့ ကလေးတွေလဲမရှိဘူး။ တစ်ကောင်ကြွက် တစ်မျက်နှာချင်း အေးဆေးပေါ့ဗျာ"

သူခေါင်းညိတ်ထောက်ခံမိသည်။ ကျော်ဝင်းပြောစကားက မှန်သည်။ ဘယ်အချိန်ပြန်ပြန်၊ ဘယ်အချိန် သွားသွား လွတ်လပ်သည့်ဘဝများဖြစ်သည်။ အလုပ်ဆိုလျှင်လည်း စိတ်ပါမှလုပ်ကြသည်။ ပိုက်ဆံရှိလျှင် အရက်ဆိုင်၌သာ တစ်နေကုန်ထိုင်၍ သောက်လိုက်စားလိုက်ရှိကြသည်။

"ကျွန်တော် ဟိုးတစ်နေ့ကကိစ္စတော့ စိတ်မကောင်းဘူးဗျာ"

ကျော်ဝင်းမျက်နှာက ပြောပြောဆိုဆိုပင် တည်သွားသည်။ သောက်လက်စအရက်ခွက်ကို ချထားရင်း နားထောင်နေမိသည်။

"ဟိုအသုဘလေဗျာ"

"ဩော်. . . ဟိုဘက်ရွာက သန်းလေး အသုဘကို ပြောတာလား"

"အေးဗျာ"

သန်းလေးဆိုသူက သူတို့နှင့်ဘဝချင်းတူလှသည်။ တစ်ကောင်ကြွက် တစ်မျက်နှာသမားဖြစ်သည်။ သူ သေသည့်အခါ သူ့နာရေး၌ ငိုသူမရှိ၊ အသုဘ မြေကျရန်ပင် ရပ်ရွာနာရေးအသင်းက အစစအရာရာ လုပ်ကိုင်ပေးခဲ့ရသည်။ ကျော်ဝင်းနှင့်သူသည် နာရေးအသင်း၌ မရှိမဖြစ်စာရင်းဝင်သူများဖြစ်ကြသည်။ အသုဘသန့်ရှင်းရေး၊ သင်္ဂြိုဟ်သည့်ကိစ္စအဝေးစိတ်ကို တာဝန်ယူလုပ်ကိုင်ပေးကြရသည်။ အများက မသတီ၍ မကိုင်ချင်၊ မထိချင်ကြသည့် အသုဘခန္ဓာကိုယ်များ ကို မရွံမရှာကိုင်တွယ်ကြရသည်။

"ဘာပဲဖြစ်ဖြစ် မရှိတဲ့လူကော၊ ရှိတဲ့လူကော သေကြတဲ့အခါ အတူတူပဲမဟုတ်လား"

လေးလေးပင်ပင်ပြောနေသည့် ကျော်ဝင်းစကားက တစ်ခုခုအတွက် စိတ်မသက်မသာရှိနေသည်။

"ပိုက်ဆံရှိလို့ ကျွန်းခေါင်းထဲထည့် လွှမ်းသူ့ပန်းခွေတွေအများကြီးချိတ်ဆွဲပြီး မသာကို ဘယ်လိုပဲ အလှဆင်ဆင် နောက်ဆုံးတော့လဲ ဒါပဲမဟုတ်လား။ အဲဒါနဲ့တော့"

ပြောလက်စ စကားကိုရပ်ကာ အရက်ခွက်ကို မော့လိုက်သေးသည်။ ပြီးမှ ဆက်ပြောသည်။

"ကျွန်တော်ဖြင့်ဗျာ သန်းလေး အသုဘကိုကြည့်ပြီး စိတ်ထဲမကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"လွှမ်းသူ့ပန်းခွေလေးတစ်ခွေတောင် ဘယ်သူကမှ ချိတ်ဆွဲမပေးကြဘူးလေ"

"ဩော်. . . ဘာများလဲလို့။ ပန်းခွေမပါပေမဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့က သူ့ကို အခြားသူတွေလိုပဲ သေသေချာချာလုပ်ကိုင်ပေးခဲ့ကြတာပဲမဟုတ်လား"

ကျော်ဝင်းသည် အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆက်ကာဆက်ကာ သောက်လိုက်သည်။ ခဏကြာမှ သူပြောချင်နေသည့်စကားကို ဆက်ပြောသည်။

"ကျွန်တော်သာ သေသွားရင် ကျွန်တော့်အတွက် ပန်းခွေလေးတစ်ခွေလောက်တော့ အလိုချင်သားဗျ"

"ဟာဗျာ ခင်ဗျားကလဲ"

"ဟုတ်တယ်ဗျ။ ကျွန်တော်တကယ်ပြောနေတာ"

ကျော်ဝင်းစကားကြောင့် သူ့ရင်ထဲ တစ်ခုခုကို တွေးမိကာ စိတ်မကောင်းဖြစ်မိသည်။ နှစ်ယောက်သား အရက်သောက်ရင်း အချိန်များကုန်ခဲ့ကြသည်။

(၃)

"ဗိုလ်စိန်ရာ အခုတစ်လော ကျွန်တော့်ညာဘက်ရင်အုံက အောင့်အောင့်နေတယ်ဗျာ"

ရုတ်တရက်ကြားလိုက်ရသည့် ကျော်ဝင်းစကားကြောင့် သူ့ရင်ထဲမကောင်းလှပေ။ သူလည်းထို့အတူ ညာဘက်အခြမ်းရင်ဘတ်က အောင့်အောင့်နေသည်။

"အဲဒါပြောတာပေါ့ဗျာ အရက်ဆိုတာ ကြာကြာသောက်လာရင် အသည်းတို့၊ ကျောက်ကပ်တို့ထိတယ်၊ ပျက်စီးတယ်တဲ့"

ဆရာကြီးလေသံဖြင့် ဝင်ပြောလိုက်သည့် ဘေးဝိုင်းက ဖိုးရှုပ်၏စကားဖြစ်သည်။ ကျော်ဝင်းက ဖိုးရှုပ်ကို တည်တည်ကြီးစိုက်ကြည့်နေသည်။ ကျော်ဝင်း၏လက်ကိုလှမ်းကုတ်ကာ စိတ်ကိုထိန်းခိုင်းရသည်။ ကျော်ဝင်းနှင့် ဖိုးရှုပ်က လူချင်းမတည့်။ ချိတ်ဆက်၊ ရန်ကြွေးများရှိခဲ့ဖူးကြသည်။

"ကျွန်တော်တကယ်ပြောနေတာ ကိုကြီးစိန်သန်းရ။ ကျွန်တော့်အဖေလဲ အရက်ကိုအလွန်အကျွံသောက်ခဲ့တာပဲလေ။ ဟော သေလဲသေရော"

အရိပ်အကဲမသိတတ်သည့် ဖိုးရှုပ်က ဆရာကြီးလေသံဖြင့် စကားကို ဆက်ပြောနေတုန်းဖြစ်သည်။ ကျော်ဝင်းက စိတ်မကြည်နေသော်လည်း သည်အခါမှာ ဒေါသဖြစ်ဟန်မပြဘဲ ဖိုးရှုပ်စကားကို ငြိမ်၍ နားထောင်နေသည်။ သူလည်းထို့အတူ ဖိုးရှုပ်စကားကို နားထောင်နေမိသည်။

"အဖေသေတော့ဗျာ အဖေ့ကိုမသင်္ဂြိုဟ်ခင် ဗိုက်ကိုခွဲကြည့်ကြတာ အဖေ့မှာ အသည်းတွေမှမရှိတော့တာ အရက်ကြောင့် အသည်းကျွမ်းပြီးသေသွားတာဗျ။ တကယ်ပါဗျာ ကျွန်တော်တို့က အရက်ကိုကြိုက်လွန်းလို့သာ သောက်နေရတာ အရက်က ကျွန်တော့်တို့အတွက် ဘယ်မှာကောင်းကျိုးရှိလို့လဲ"

"ဟင်း"

ဖိုးရှုပ်စကားအဆုံး၌ ကျော်ဝင်းတစ်ယောက် သက်ပြင်းမောကြီးတစ်ချက်ချလိုက်သည်။

"ဖိုးရှုပ်ပြောတာ ဟုတ်လောက်တယ် ဗိုလ်စိန်ရ။ ညာဘက်ရင်ဘတ်က အသည်းရှိတဲ့နေရာမဟုတ်လား။ ကျွန်တော် အခု ညာဘက်ခြမ်းက အရမ်းအောင့်နေတာ"

ပြောရင်းပင် ကျော်ဝင်း၏စကားသံများ တိမ်ဝင်သွားသည်။ ကျော်ဝင်းကိုကြည့်ကာ သူစိတ်မကောင်းဖြစ်မိသည်။

"မဖြစ်နိုင်ပါဘူးဗျာ။ ခင်ဗျားနဲ့ကျွန်တော် ဟိုနေ့က ရွာတောင်ပိုင်းမှာထမ်းခဲ့ကြတဲ့ သစ်ချောင်းတွေကြောင့် လက်ပြင်ကြောငုပ်နေတာနေမှာပါ။ လက်ပြင်ကြောငုပ်နေရင်လဲ ဒီလိုပဲ အောင့်တတ်တယ်ဗျ"

အလုပ်ကြမ်းလုပ်နေကြရသည့် အလုပ်ကြမ်းသမား ပီပီ ဖြစ်တတ်သည့်သဘောမျိုးဖြင့် ချိန်ထိုးကာ ကျော်ဝင်းစကားကို အာရုံလွှဲလိုက်ခြင်းဖြစ်သည်။ ကျော်ဝင်းအတွက် အရက်ခွက်ကမ်းပေးရင်း သူလည်း အရက်ခွက်ကို မော့သောက်လိုက်သည်။ လူချင်းမတည့်သည့် ဖိုးရှုပ်နှင့် သူတို့နှစ်ယောက် ပေါင်းမိသွားကြသည်။ ထိုနေ့က အရက်ဝိုင်းကလေးသည် ကျော်ဝင်းအတွက် နောက်ဆုံးဆိုသည်မှာ နောက်တစ်နေ့မနက်ရောက်မှပင် သူသိခဲ့ရသည်။

(၄)

နံနက်ခင်းအစောကြီး ထုံးစံအတိုင်း ကျော်ဝင်းဆီ သွားခဲ့သည်။ ကျော်ဝင်းနှင့်သူ သစ်ထမ်းရန် အလုပ်လက်ခံထားကြသည်။ သည့်အတွက် အလုပ်သွားရန် ရောက်မလာသေးသည့် ကျော်ဝင်းဆီ သွားခဲ့မိသည်။ ကျော်ဝင်းအိမ်ရောက်သည့်အခါ ကျော်ဝင်းတစ်ယောက်

စာမျက်နှာ ၂၅ သို့ ➤

# ကလေးခရိုင်တွင် ဆောင်းနှမ်း ၆၀၉၁ ဧက ရိတ်သိမ်းပြီးစီး



**ကလေး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၆၀၉၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၆၀၉၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၀၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၆၀၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ဆောင်းနှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၇၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၇၉ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၅၃၄၁ ဧက စုစုပေါင်း ၆၀၉၁ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ဆောင်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# စဉ့်ကူးမြို့နယ် ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့်အတူ ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်း ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချစ်ဦးကို**

# သစ်ပင်စိုက်မည် မိုးရာသီ

\- ဝသန်ချိန် ရာသီလ
စိုက်ပျိုးကြ သစ်ပင်တွေ၊
မြန်မာပြည် အစဉ်အေးချမ်းလို့
စိမ်းလန်းစိုပြေ(ပြည်)၊
စနစ်တကျ ဂရုစိုက်စေ
ထိန်းသိမ်းမသွေ ပြည်သူများ၊
စိတ်ကိုယ်တူ မြတ်တနိုးနဲ့
ဖိုးထိုက်စေသား။

\- ပင်ပေါင်းအစုံ မွေးမြူထားလို့
ခရီးသွား ညှော်သည်မှာ၊
ခိုလှုံသူ အေးအရိပ်မို့
စိတ်ဝမ်းကြည်သာ၊
လမ်းတစ်လျှောက် ဘေးဘယ်ညာ
စီရီကာ မြင်ကွင်း၊
တကယ်ကို ရှုမဝလို့
အေးမြရှုခင်း။

\- မိုးရာသီ ကာလအတွင်း
စိုက်ပျိုးခြင်း ကောင်းမွန်တယ်၊
မိုးလေမှန် မြေလွှာအေးလို့
မွေးမြူရန်လွယ်၊
သစ်တောများ ထိန်းသိမ်းမယ်
ကမ္ဘာမြေရယ် အေးစေကြောင်း၊
ပြည်သူတွေ အသွင်သစ်တဲ့
ချစ်ဖွယ်လွန်ကောင်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

➤ စာမျက်နှာ ၂၄ မှအဆက်

သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။ ဆိုးတူကောင်းဖက်အပေါင်းအသင်းအတွက် သူမှာ ကြေကွဲဝမ်းနည်းရသည်။ နာရေးအသင်းကို အကြောင်းကြားရသည်။ နာရေးအတွက် သူကိုယ်တိုင်ပြင်ဆင်ပေးရသည်။ သို့သော်လည်း ကျော်ဝင်းအတွက် သစ်သားအခေါင်းကလေးကိုပင် မဝယ်ပေးနိုင်ခဲ့ပေ။ ဖျာလိပ်ပတ်ကာ ဝါးကပ်ခင်းဖြင့် ကျော်ဝင်းအသုဘကို ချကြရသည်။ တစ်ကောင်ကြွက်တစ်မျက်နှာ ကျော်ဝင်းမှာ ငိုယိုကြေကွဲသူရယ်ဟူ၍မရှိ။ တာဝန်မကင်း၍ နာရေးကူညီနေကြသော်လည်း ရွာသူ၊ ရွာသားများကိုယ်စီတွင် အပြုံးမပျက်။ သူတစ်ယောက်တည်းသာ ကြေကွဲဝမ်းနည်းစွာဖြစ်နေမိသည်။ မသေခင်တစ်နေ့က ပြောခဲ့သည့် ကျော်ဝင်းပြောစကားကို သူကြားယောင်မိသည်။

"ကျွန်တော်သေသွားရင် ကျွန်တော့်အတွက် ပန်းခွေလေးတစ်ခွေလောက်တော့ရချင်မိတယ် ဗိုလ်စိန်ရာ"ဆိုသည့်စကားကို ကြားယောင်ကာ သူမှာ မျက်ရည်ကျမိသည်။ ကြေးစည်သံတဝေဝေကြားနေရသည်။ ကျော်ဝင်းအသုဘတွင် တစ်ခုတည်းသောပန်းခွေလေးကို သူငေးကြည့်မိသည်။ ဝါးကပ်ခင်းပေါ်၌ ဖျာလိပ်ပတ်ထားသည့် ကျော်ဝင်း၏အသုဘအလောင်းကြီးသည် အောက်ကထမ်းပိုးထားသူများ၏ လှုပ်ခါမှုများကြောင့် တလှုပ်လှုပ်ဖြင့်ရှိနေသည်။ ဖျာလိပ်၌ရေးထားသည့် စာတန်းကလေးကို ဖတ်ကြည့်လိုက်မိသည်။

"ဦးကျော်ဝင်း"

"အသက် (၅၀)" ဟူ၍ဖြစ်သည်။ သူ့အတွေးများ မရပ်တန့်နိုင်စွာ တောင်စဉ်ရေမရရှိလှသည်။ အသက် ၅၀ ဟူသည် အရွယ်ကောင်းကြီးသာရှိသေးသည်ဟု သူတွေးနေမိသည်။ ရွာထဲ၌ သူတို့နှင့် သက်တူရွယ်တူသူများကိုကြည့်မိသည်။ လုပ်ခင်းတောင်ယာ၊ သားနှင့်သမီးနှင့်၊ ပစ္စည်းဥစ္စာနှင့်၊ ချိုးမွမ်းရာဂုဏ်သတင်းများ ကိုယ်စီကိုယ်စီဖြင့် ရှင်သန်လန်းဆန်းနေကြဆဲရှိသည်။ မိသားစုအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် တစ်ထောင့်တစ်နေရာက ကိုယ်စီအစွမ်းများဖြင့် အကျိုးပြုနေကြလေသည်။ သူ့ကိုယ်သူလည်း ဆင်ခြင်မိပြန်သည်။ အသက်အားဖြင့် ၅၀ ကျော်သာရှိနေသော်လည်း သူ၏ခန္ဓာကိုယ်သည် အသက်ထက်ပင် ပို၍အိုမင်းရင့်ရော်နေပေသည်။ ယခုအချိန်ထိ သူသည် မိသားစုအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည် နှင့်လူမျိုးအတွက် ဘာတစ်ခုမှပင် ကောင်းကျိုးမပြုမိသေးပေ။ တွေးရင်းပင် နောင်တများရနေမိသည်။

လှမ်းနေသည့်သူ့ခြေလှမ်းများ တုံ့ဆိုင်းလာသည်။ ပတ်ဝန်းကျင်က ပြောနေကြသည့်စကားသံများ သူ့နားထဲ မကြားတစ်ချက် ကြားတစ်ချက် ရှိလှသည်။ အမြင်အာရုံများလည်း ဝေဝါးလာသည်။ ကျော်ဝင်း၏ အသုဘအလောင်းကို လှမ်း၍ကြည့်မိသည်။ နာရေးကူညီသူများက မီးသင်္ဂြိုဟ်ရန်ပြင်ဆင်နေကြသည်။ ဝါးကပ်ခင်းပေါ်မှချကာ ပတ်ထားသည့်ဖျာလိပ်ကို ဖြေနေကြသည်။ ရုပ်ပကတိအတိုင်းဖြစ်အောင်ပင် ပတ်ထားသည့်စောင်ထည်ခြုံလွှာများ ဖယ်လိုက်ကြသည်။ ကျော်ဝင်း၏ အသုဘရုပ်အလောင်းကို ရွာသူ၊ ရွာသားများအား နောက်ဆုံးကြည့်စေကြသည်။ မီးသင်္ဂြိုဟ်စက်ထဲသို့ထည့်ကြသည်။ လိုအပ်သည်များ ပြုလုပ်ပြီးစီးသွားသည့်အခါ မီးညှိလောင်ကျွမ်းစေ၍ သင်္ဂြိုဟ်စက်တံခါးကိုပိတ်လိုက်ကြသည်။ သင်္ဂြိုဟ်စက်မီးခိုးခေါင်းတိုင်ဆီက မီးခိုးလုံးများ တရိပ်ရိပ်ထွက်ပေါ်လာသည်။

"တစ်ဘဝ ပြီးသွားပြီပေါ့"

"တို့တွေအားလုံးလဲ နောက်ဆုံးတော့ ဒီလမ်းပဲသွားကြရမှာပါ"

"သွားပေအုံးတော့ ကျော်ဝင်းရေ၊ သွားပေအုံးတော့။ နောက်ဘဝမှာ ဒီလိုဘဝမျိုးနဲ့တော့ ဘယ်တော့မှ ပြန်မလာနဲ့တော့ဟဲ့"

မီးသင်္ဂြိုဟ်စက်အခေါင်းတိုင်ဆီက တရိပ်ရိပ်ထွက်နေသည့် မီးခိုးလုံးများကိုကြည့်ရင်း ရွာသူ၊ ရွာသားများ တစ်ယောက်တစ်ပေါက်ဖြင့် ပြောနေကြခြင်းဖြစ်သည်။ သူ့စိတ်အလျဉ်သည် ဆောက်တည်ရာမရနိုင်စွာ ဟိုရောက်သည်ရောက်ဖြင့် ယောက်ယက်ခတ်နေသည်။ သူ့ရင်ထဲမွန်းကျပ်နေသည်။ အရက်သောက်ရန်အချိန်ကျနေ၍ တဟေးဟေး ယင်းထနေသည့်သူ့အဖြစ်ကို သူဝမ်းနည်းမိသည်။ သူ၏ ခြေများ၊ လက်များတုန်ယင်နေသည်။ အာခေါင်များခြောက်ကပ်လာလေသည်။ ပူလောင်နေသည့်ရင်ထဲ မီးများတောက်လောင်နေသည့်ပမာ ခံစားရလေသည်။ တုန်တုန်ယင်ယင်ဖြင့် သင်္ဂြိုဟ်စက်အခေါင်းတိုင်က ထွက်ပေါ်နေသည့် မီးခိုးများကို ငေးကြည့်နေသည်။ မကြာလိုက်ပေ သူ့အာရုံနှင့်အတွေးများ ထိန်းသိမ်းရခက်စွာပင် လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားပါတော့သည်။

# အုတ်တွင်းမြို့နယ်၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ခြင်းပြုလုပ်

**အုတ်တွင်း မေ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက သာစည်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သာစည်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**

# တေးထပ်ဆရာ အချုပ်တန်းဆရာဖေနှင့် မျိုးချစ်စိတ်

ပြေအေးသက်

အချုပ်တန်းဆရာဖေ၏ ဤမည်သောတေးထပ်ကို ရွတ်ဖတ်ကြည့်ကြပါက မခံချိမခံသာဖြစ်သည့်စိတ်မျိုးကို သိလာလိမ့်မည်။ ထိုနောက်ကား တလိပ်လိပ်နှင့်ပေါ်ပေါက်လာမည့် ဒေါသစိတ်ကိုနှိုးဆွပေးလိမ့်မည်။ မေ့ပစ်ရန်သော်လည်းကောင်း၊ သည်းခံထားလိုက်ရန်ကိုသော်လည်းကောင်း လုံးဝမဖြစ်နိုင်လောက်သည့်စိတ်ကို ထပ်မံဖြစ်ပေါ်စိမ့်သောငှာ ဤတေးထပ်က အထောက်အကူပြုပေမည်။ ထိုတေးထပ်ကား စိတ်ကနာခြင်းကို ပြသည်သာမဟုတ် အရိုးကပါနာသည်ကိုပါပြလေသည်။ "မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မှီးငြမ်းထောက် အသစ်မှီတယ်၊ ညစ်ပလီလူမျိုး၊ မိပစ်လို့ ဘရှောင်သွေသည်၊ ဂွကောင်တွေ ခွေးဖြစ်ပေ့ဗျိုး၊ မြန်မာချင်း ကြွားကြချင်၊ ဓားပြသွင် လူဆိုး၊ ကုလားမြင် သူ့အမေရိုးတော့မလို၊ ခုမြေလျှိုးပုန်းရှောင်၊ မိုက်ပနော် ပြုမပေးတို့ရယ်က၊ သူ့ပထွေးတော့ ခွေးသို့မဟောင်၊ ပြောရော့ဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တောင် ဦးချလို့၊ ပလူးရပြေးကြိုခါခါ၊ ခွေးသို့ပမာ၊ တွေးမိတိုင်း အရိုးနာသည်၊ အမျိုးပါ ဆဲချင်ပေါ့လေး။"

**၁၈ပါဒ**

တေးထပ်သည် စာကြောင်းရေ ၁၈ ကြောင်း ကဗျာလိုအားဖြင့် ၁၈ပါဒဖြင့် ရေးဖွဲ့ကြသည်။ ခြောက်လုံး တစ်ပါဒ၊ ငါးလုံးတစ်ပါဒ စပ်လေ့ရှိသည်။ ခုနစ်လုံး၊ ရှစ်လုံးပါသော ပါဒများလည်း ရှိနိုင်သည်။ အသံသာခြင်းနှင့် စကားသွားချောခြင်းသာလျှင် အဓိကဖြစ်သည်။ ပထမပိုင်းတွင် အစလေးပါဒခံ၍ နှစ်ပါဒ အုပ်ရသည်။ ၎င်းအခံနှင့် အအုပ်ပိုဒ်များမှာ ပထမပိုဒ်နှင့် ဒုတိယပိုဒ်ဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်ပါဒတက်၍ နှစ်ပါဒခံပြီးလျှင် နှစ်ပါဒ အုပ်ရသည်။ နှစ်ပါဒစီပါသော တတိယပိုဒ်၊ စတုတ္ထပိုဒ်နှင့် ပဉ္စမပိုဒ်များ ဖြစ်ကြသည်။ တတိယပိုင်းမှာ ပထမပိုင်းကနည်းအတိုင်း လေးပါဒခံ၍ နှစ်ပါဒအုပ်ရသည်။ ၎င်းအခံနှင့်အအုပ်ပိုဒ်များမှာ ဆဋ္ဌမနှင့် သတ္တမပိုဒ်များဖြစ်သည်။တတိယပိုင်း၏ အခံပိုဒ်ဖြစ်သော ဆဋ္ဌမပိုဒ် ၁၆ ပါဒတွင် ကာရန်လေးလုံးသာရှိတတ်သည်ကို သတိထားရမည်။ တေးထပ်၏ နောက်ဆုံးပါဒ နောက်ဆုံးစကားလုံးမှာ "လေး"ဟူသောစကားလုံးကို အသုံးများပြီး တစ်ခါတစ်ရံ "လား"ဟူသော စကားလုံးကိုလည်း သုံးတတ်သည်။

**တေးထပ်၏ မူလဘူတ**

သက္ကရာဇ် ၉၅၉ ခုနှစ်မှ ၁၁၁၃ ခုနှစ်ထိ ညောင်ရမ်းခေတ်တွင် တေးရိုးကဗျာ ပေါ်ပေါက်လာခဲ့သည်။ ထိုတေးရိုးတို့ကို ဆယ့်နှစ်ရာသီဖွဲ့များကို ဖွဲ့ဆိုရာ၌ သုံးလေ့သုံးထရှိကြသည်။ ထိုတေးရိုးတွင်ပါရှိသော တေးသံကို အကွန့်အတက်ဆန်းပြားစွာ ထပ်၍ထပ်၍ ဖွဲ့စည်းသီကုံးအပ်သောကဗျာကို တေးထပ်ခေါ်သည်ဟု ယူဆကြသည်။ သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်တွင် ရှစ်ဆယ်ပေါ်တေးထပ်ဟူ၍ ပေါ်ပေါက်လာကြောင်းဖြင့် ပုဂံဝန်ထောက်မင်းဦးတင် ရေးသားသောကဗျာ ဗန္ဓသာရကျမ်းတွင် ဆိုသည်။ ၎င်းရှစ်ဆယ်ပေါ်တေးထပ်အသွားကိုပင် ဉာဏ်ကွန့်၍ ထပ်တွန့်တေးထပ်များ ရေးစပ်ကြသည်။ ကာရန်ကြွယ်ဝသည်နှင့်အမျှ တေးထပ်ကိုချဲ့ထွင်၍ စပ်ဆိုကြစေကာ တေးထပ်စပ်နည်းမှာ ၁၈ ပါဒအခြေခံအတိုင်းသာလျှင် ဖြစ်ကြရပေသည်။

**အချုပ်တန်းမောင်ဖေ**

အချုပ်တန်းမောင်ဖေကို သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဖခင် ဦးရောက်၊ မိခင်(အမည်စုံစမ်းဆဲ)တို့က အင်းဝတွင် မွေးဖွားခဲ့ပြီး သဘင်သည်မျိုးရိုးဖြစ်သည်။ ပုဂံမင်းလက်ထက်မှာ အသုံးတော်ခံစာရေးအဖြစ် အမှုထမ်းသည့် ဖခင် ဦးရောက်နှင့်အတူ အမရပူရမြို့တွင် နေကြသည်။ ပုဂံမင်းနန်းကျပြီး မင်းတုန်းမင်း နန်းတက်သောအခါ အနားပေးခံရပြီး အချုပ်အလုပ်တတ်သဖြင့် မန္တလေးမြို့သစ်တည်သည့်အခါ လိုက်ပါပြောင်းရွှေ့ခဲ့ကြသည်။ မြို့သူ မြို့သားများကို လုပ်ငန်းချင်း တူရာတူရာအလိုက် အစုများ၊ ရပ်ကွက်များ၊ ဝင်းကြီးများတွင် နေရာချထားပေးခဲ့ကြသည်။ စိတ္တရမဟီဟုခေါ်သည့် မန္တလေးမြို့ ကျုံးတောင်ဘက်ထိပ်က အချုပ်တန်းကို ဆရာဖေတို့မိသားစု ပြောင်းရွှေ့နေထိုင်ကြသည်။ အချုပ်တန်းသည် အပ်ချုပ်သည်များ စုစည်းနေထိုင်သည့်ရပ်ကွက်ဖြစ်သည်။ အပ်ချုပ်တန်းဟုလည်းခေါ်ပြီး မြင်းကုန်းနှီးတန်းဟုလည်း ခေါ်ကြသည်။

ဆရာဖေက တုံ့ပြန်ရေးသားရခြင်းဖြစ်သော်လည်း ကဗျာတိုက်ပွဲသည် နောက်ပိုင်းကာလများတွင် ပိုမိုပြင်းထန်လာသည်။ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ဆရာဖေအနေဖြင့် မက္ခရာမင်းသားထံတွင် ပုဆိုးခါးတောင်းကျိုက်ဖြင့် ဓားကိုင်၍အဆောင်တော်အမှုထမ်းသည်ကို မြင်ရသောအခါ "ခါးတောင်းကျိုက် ပိတုန်းပိတ်ကယ်နှင့် ကျုံးထိပ်က ငဖေ၊ ကုန်းပြိတ္တာ တစ္ဆေလို၊ အသရေဟိတ်နွမ်း"ဟုစပ်ဆိုခဲ့သည်။

**ဦးသာဗျော**

ဆရာဖေ၏ နာမည်ကျော် ကြင်ဖော်ကွဲ့လေးချိုးကို ဦးပုညဖျက်ရေးသည့် စာပြောင်ကဗျာလှောင်က ဒေါသသင့်နေသည်။ ဆရာဖေကတော့ ရိုင်းလိုက်လေကွယ်ဟုဆိုသည်။ အဆိုပါ ကဗျာလှောင်ကို နာမည်

❖ ဆရာဖေသည် အမှန်တော့ ကဗျာအနုအလှကလေးများ ရေးရာမှသည် မျိုးချစ်စိတ်အရင်းတည်၍ဖွဲ့ရသောကဗျာတို့ဆီ မြန်မာနိုင်ငံ၏အခြေအနေအရ ရောက်ရပေသည်။ အကြောင်းမှာ မြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်မှုပျက်၍ သူတစ်ပါးကျွန်ဘဝရောက်သော် မျိုးချစ်စိတ်ဓာတ်ခံက မခံမရပ်နိုင်ဖြစ်၍ဖြစ်သည်။ ထိုအခါ ဆရာဖေ၏စာများသည် "မင်းတုတု"တေးထပ်ကဗျာလိုစပ်ဆိုဖြစ်သောအခါ ပြည်သူအများနှစ်ခြိုက်အားပေးရာမှ ဆရာဖေက အချုပ်ထဲရောက်ရရှာသည်။ "သမုတိအတွက် ငဝက်က ဒဏ်ခံ..... ဆိုးမွေခံထိပ်တုံးနှင့်လေး"ဆိုသည့် တေးထပ်ပို့မှသာ လွတ်ရရှာသည်။ ❖

**အချုပ်တန်းမောင်ဖေမှ ဆရာဖေသို့**

ဝါသနာအရ စာပေကိုရေးသားခဲ့သည့် သူ၏စာများကို လူကြိုက်များလာပြီး အချုပ်တန်းရပ်ကို အစွဲပြုကာ အချုပ်တန်းမောင်ဖေဟု အမည်တွင်ခဲ့သည်။ အင်းဝမြို့သူ ဒေါ်ပုံနှင့် အကြောင်းပါပြီး မောင်လှ၊ မသွဲ့၊ မနွဲ့၊ မသဲဟူ၍ သားတစ်ယောက်နှင့် သမီးသုံးယောက် ထွန်းကားခဲ့သည်။ လေးချိုးနှင့် တေးထပ်များအရေးများပြီး ဇာတ်စာရေးရာတွင်လည်း ပြောင်မြောက်သောကြောင့် ဇာတ်ပညာရှင် အသိုင်းအဝိုင်းတွင် ကျော်ကြားခဲ့သည်။ အသက် ၂၀ အရွယ်ကတည်းက ငယ်ငယ်ရွယ်ရွယ်နှင့် ဆရာဖြစ်ခဲ့သည်ဟု ဆိုသည်။ ဇာတ်စာများအရေးများပြီး မြောက်စားခြင်း မခံရခဲ့ပေ။ ဆရာဖေ၏စာများသည် ခေတ်ပြိုင်စာဆို စလေဦးပုညစာများလောက် လူသိမများခဲ့ပေ။

ဆရာဖေသည် စလေဦးပုညထက် အသက် ၁၀ နှစ် ငယ်သည်။ "ဘယ်နဲ့ရေးတဲ့ မောင်ပုတ်စည်၊ ဆန်တပြည် တေးတပုဒ်"ဟု စာဆိုရှိပြီး ငယ်နာမည် မောင်ပုတ်စည်ဟုခေါ်သည့် စလေဦးပုညမှာ ဘုရင့်မြှောက်စားခံရသူပီပီ အဆင်ပြေခဲ့ပြီး ဆရာဖေကတော့ အလုပ်မျိုးစုံအောင် လုပ်ကိုင်စားခဲ့ရရှာသည်။

**ယင်းတော်မလေးနှင့်**

အငြိမ့်သမယင်းတော်မလေးအနေဖြင့် ထိုစဉ်ကာလနာမည်ကျော် ဇာတ်ဆရာများထံက ဇာတ်စာကဗျာများရယူပြီး သီဆိုကပြဖြေဖျော်ရာ ဆရာဖေထံမှ ကြင်ဖော်ကွဲအမည်ရှိသည့် လေးချိုးငိုချင်းတစ်ပုဒ်ကို ရယူထည့်သွင်းသီဆိုရာ နာမည်ကြီးသွားခဲ့သည်။ ထိုစဉ်ကစ၍ စလေဦးပုညနှင့် စာဆိုပြိုင်ဘက်ဖြစ်လာရာ စလေဦးပုညနှင့် ဆရာဖေတို့ ကိုယ်ရည်သွေးသည့်စာများ၊ တစ်ဖက်ကိုနှိမ့်ချကဲ့ရဲ့သည့်စာများအပြန်အလှန် ရေးသားလာကြသည်။ ဦးပုညစရေးသား၍သာ ကြီးရုပ်သေးဆရာ ဦးသာဗျောက ဆိုလိုက်ပြန်ရာ ပရိသတ်အများချစ်ခင်သည့် ယင်းတော်မလေးနှင့် ဆရာဖေ၏ အများကြိုက်သည့်စာကိုပါ ကဖျက်ယဖျက် လုပ်မိရာ ရောက်သွားသည်။ ထိုမှာတင်ပဲ စာကောင်းကိုဖျက်ရမလားဟု ပရိသတ်က စိတ်မကောင်းဖြစ်ကြပြီး ရုပ်သေးဆရာ ဦးသာဗျောလည်း နာမည်ကျဆင်းသွားတော့သည်။ ဦးပုညနှင့် ဆရာဖေတို့ နှစ်ဦးစလုံး၏ စာများကိုသုံးနေသည့် ယင်းတော်မလေးကလည်း ဦးပုညဆီက ဘာစာကိုမှ ထပ်ပြီးမတောင်းတော့ပါ။ ဆရာဖေကလည်း "ကဗျာလှောင် နဘေတေးကို၊ ဆရာယောင်စလေရေးတယ်တဲ့ဗျာ၊ တွေးဆသင့်ကြောင်း"ဟု ရေးခဲ့သည်။

**တေးထပ်စီးချင်းထိုးပွဲ**

ဆရာဖေနှင့် စလေဦးပုညတို့ ဇာတ်ရှိန်မြင့်လာပြီး ဆရာဖေက "စာကောင်းရင် မအေပေးတွေက၊ စလေ ရေးဆိုကြပြန်တယ်၊ တို့မျှားကျ ဉာဏ်မမှီတယ်၊ ကံမပီ ညစ်နွမ်း.....ဟု တုံ့ပြန်သည်။ ထပ်၍ "ကဗျာစီ မောင်ပုည..... ကုပ်ခွင်သိမ် လက်သေး၊ မင်းမြောက်လို့ သင်းလောက်ကျော်သည် ထွင်းဖောက်ကော် ဉာဏ်မျိုးနှင့်ဝေး" ထပ်ဆင့်သည်။ ထပ်၍ "ဇစ္စန္တာငွေ စလေက ပုညံ..... ဉက္ကဋ္ဌအာဇာနည်ကို၊ စာပလီ ရေးလာနှင့်လေး"ဆိုပြီး ကဗျာသုံးပုဒ်ဖြင့် စစ်မျက်နှာဖွင့်လိုက်သည်။ ဦးပုညကလည်း "တရဏီရွယ်ကာလ.....အတော်ကွာခြားတာမို့လေး" နှင့်ချေပသည်။ "စေတီယမင်းလက်ထက်.....လှည့်စားပုံဆန်းလှပါလေး"ဟု ထပ်ဆိုပြန်သည်။ စိတ်မကျေသေး၍ "ဂျပ်ကောင်နှယ် ဖင်ကြားက.....ခရီးမှန်ကွာလှမ်းလှလေး"ဟု ထပ်ဆင့်ဆိုသည်။ သို့သော်လည်း ကံကြမ္မာညိုးရှာ၍ ဦးပုညအနေဖြင့် မြင်ကွန်းမြင်းခုံတိုင်အရေးတွင် အခါတော်ပေးသည်ဟုဆိုကာ ချုပ်နှောင်လုပ်ကြံကွပ်မျက်ခံရသောအခါ ဆရာဖေတွင် ဝမ်းသာမှုမျိုးမတွေ့ရဟု ဆိုသည်။

**ဘုန်းပိရှာပြီ**

သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် ရန်ကုန်အရေးပိုင်က မြန်မာဘုရင်ထံ အိန္ဒိယနိုင်ငံဘုရင်ခံလော့ဒ်မေရိုး လာမည်ဖြစ်၍ ဖျော်ဖြေရန် နန်းတွင်းဇာတ်သဘင်တစ်ဖွဲ့ စေလွှတ်ပေးရေး မေတ္တာရပ်ခံရာ ဆရာဖေလည်း ထိုအဖွဲ့နှင့်အတူ လိုက်ပါရသည်။ ဘုရင်ခံ ရန်ကုန်သို့ရောက်သောအခါ ထီးဖြူနှစ်လက်မိုးပြီးကြိုဆို၍ မခံမရပ်နိုင်ဖြစ်ကြသည်။ ထိုသူအပြန်တွင် ပို့ဘလဲယားအကျဉ်းထောင်စစ်ဆေးစဉ် အကျဉ်းသားတစ်ဦး ဓားဖြင့်ထိုး၍ သေဆုံးခဲ့သည်။ ထိုသတင်းကို ဇာတိမာန်ထက်လှသည့် ဆရာဖေကြားရသည်နှင့် တေးထပ်ကို ရေးတော့သည်။ "ထီးဖြူရုံ ပြာသာဒ်နှင့်၊ မအပ်သည့်အရာ၊ လဒ်(လော့ဒ်)ဆိုသည့် မိစ္ဆာ၊ ပိတ်ရှာပြီဇီဝိ၊ ဘုန်းမတန့်ဘုန်းတန့်ကြတယ်၊ ဆုံးရုပ်နာမ်သွားတဲ့ဝိစိ။ မင်းတုတု၊ ခွေးသေသေတယ်၊ သွေးထွေထွေယိုဘိ၊ လဒ်ရန်ကို ဆဒ္ဒန်ဖိ၊ နတ်ဖန်သည့်ဘုန်းတော်၊ ကျွန်းစင်ကာပူတလွှားမှာ၊ ရွှေဓားသွားသက်ရလိမ့်မနော်။ လှေကားဆက်အပေါ်ပေါ်မှာ၊ ထီးဖြူတော်နှစ်လက်ကြောင့်၊ အသက်ထွက်လွယ်စေ၊ ဓားနှစ်ချက်မွှေ၊ လေးလက်ဖြင့် လေးချက်မွှေမယ်၊ ဘေးသက်သေလက်ငင်းကွယ့်လေး။"

**နုရာမှ ကြမ်းရသော ဆရာဖေ**

ဆရာဖေသည် အမှန်တော့ ကဗျာအနုအလှကလေးများရေးရာမှသည် မျိုးချစ်စိတ်အရင်းတည်၍ ဖွဲ့ရသောကဗျာတို့ဆီ မြန်မာနိုင်ငံ၏အခြေအနေအရ ရောက်ရပေသည်။ အကြောင်းမှာ မြန်မာနိုင်ငံတော်ကြီး စည်းလုံးညီညွတ်မှုပျက်၍ သူတစ်ပါးကျွန်ဘဝရောက်သော် မျိုးချစ်စိတ်ဓာတ်ခံက မခံမရပ်နိုင်ဖြစ်၍ဖြစ်သည်။ ထိုအခါ ဆရာဖေ၏စာများသည် "မင်းတုတု"တေးထပ်ကဗျာလို စပ်ဆိုဖြစ်သောအခါ ပြည်သူအများနှစ်ခြိုက်အားပေးရာမှ ဆရာဖေက အချုပ်ထဲရောက်ရရှာသည်။ "သမုတိအတွက် ငဝက်က ဒဏ်ခံ.....ဆိုးမွေခံ ထိပ်တုံးနှင့်လေး"ဆိုသည့်တေးထပ်ပို့မှသာ လွတ်ရရှာသည်။ အချုပ်က လွတ်စေသည့်တေးထပ်ဟုကျော်ကြားခဲ့ပြီး မကြာမီတွင် မင်းတုန်းမင်းကြီး၏လေသာဆောင်၌ အဆောင်တော်မြဲရာထူးနှင့် အမှုထမ်းခွင့်ရခဲ့သည်။

**မျိုးချစ်စိတ်ဓာတ်ခံ**

မျိုးချစ်စိတ်ဓာတ်ခံရှိသောဆရာဖေသည် နယ်ချဲ့များ၏အုပ်စိုးမှုကိုမခံဘဲ မျိုးချစ်တော်လှန်ရေးအင်အားစုများနှင့်ပေါင်းကာ တွန်းလှန်ချေမှုန်းလျက်ရှိသည်။ အင်အားစုများကလည်း နယ်ချဲ့အုပ်ချုပ်သူများ၏ ချေမှုန်းခြင်းကိုခံနေရသဖြင့် တဖြည်းဖြည်းနှင့်အင်အားများနည်းလာခဲ့ကြရသည်။ ခင်မင်ရင်းစွဲရှိသည့် ရှမ်းပြည်သုံးဆယ်စော်ဘွားဆီသွား၍ နည်းလမ်းရှာကာ နယ်ချဲ့ကို ဆက်၍တော်လှန်မည်ဆိုပြီး မိတ်ဆွေရင်းဖြစ်ပြဲတိုက်စာရေးဟောင်း ဦးထွန်းဝနှင့်အတူ သက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် ရှမ်းပြည်ကို ပြောင်းရွှေ့ခဲ့ကြသည်။ သည်လိုနှင့် သုံးဆယ်စော်ဘွားဆီ၌ကွန်းခို၍ ရှမ်းပြည်တစ်ဝိုက် စည်းရုံးရေးဆင်းကြရသည်။ တစ်နေ့တွင် ကိုယ့်မင်းကိုယ့်ချင်းနှင့် တိုင်းပြည်ပြန်လည်ထူထောင်ရန်မျှော်မှန်းကိုးစားနေသည်။ သက္ကရာဇ် ၁၂၅၆ ခုနှစ် သကြ်န်တွင် ဆရာဖေသည် အအေးမိပြီး သူ့ရင်ထဲက ရတနာပုံရွှေပြည်ကြီးကို အပြီးတိုင်ခွဲခွာခဲ့ရသည်။

**ကိုးကား**

- လှသမိန်၏ အချုပ်တန်းဆရာဖေ၏ကဗျာပေါင်းချုပ်။
- ဦးချမ်းမြ၏ အချုပ်တန်းဆရာဖေ။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၉၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကိုတွေ့ရစဉ်။

**တမူး မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၉၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၂၈၈၀၊ တမူးမြို့နယ်တွင် ဧက ၁၅၅၈၀၊ ခါမ်းပါတ်မြို့တွင် ဧက ၂၁၀၄၀ စုစုပေါင်း ဧက ၄၉၅၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် တမူးခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ဧက ၄၉၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးသွားမှာပါ။ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းဖို့ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့ကိုလဲ ဆောင်ရွက်ပေးသွားမှာပါ"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တမူးခရိုင်တွင် မိုးစပါးစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိတ္ထီလာမြို့နယ် အင်းကံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေပန်းတိုင်ကျေးရွာအုပ်စု အင်းကံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အင်းကံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဖြစ်သည့် အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စက်ရေတွင်းနှင့်ဆက်စပ်လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်းကံကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ လျှပ်စစ်မီးလိုင်း ပေ ၁၃၅၀ သွယ်တန်းခြင်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်နှင့်ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃ ဒသမ ၄၈ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အိမ်ခြေ ၅၅ အိမ်၊ လူဦးရေ ၂၅၀ အတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။ **သန်းလွင်(မကွေး)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့တဲ့ မတ်လက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မတ်ပဲများကို မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်မြို့ကို ဧပြီလမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအား ကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူမှုကောင်းလာတာ တွေ့ရပါတယ်။ မတ်ပဲတွေကိုတော့ ပြည်ပဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မေ ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန္တလီကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကန္တလီကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကန္တလီကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန္တလီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၃၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၁၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

**ချိုလေး**

# တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ငွေးပင်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ငွေးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်း(ငရုတ်)အစုအဖွဲ့မှ အသင်းသား ၁၀ ဦးကို ငွေကျပ် သိန်း ၁၅၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**သူသူ**

# ကဗျာအလှ၊ စာအလှ ( ၁၃ )

**မန်းတင့်မော်**

မိုးဦးသစ်ခဲ့ပြီ။ မိုးကြောင့်အပူရှိန်လျော့ကျသည်။ မိုးရေဖျန်း၍ သစ်ပင်များ လန်းဆန်းလာသည်။ မြက်သားမွေးသောအခါလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ မိုးကို အားထားရသည်။ မိုးမကျမီကပင် လယ်ခွင်ယာခွင်ပြင်ကြရသည်။ ကျေးလက်နေတောင်သူလယ်သမားအများစုဖြစ်ရာ မိုးရွာလျှင်ပျိုးသာတော့မည်ကိုတွေး၍ ပျော်ရသည်သာ။ လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်ရန် ရာသီဥတုကအရေးကြီးသည်။ မိုးလေမှန်မှ ပျိုးတွေသန်မည်ကိုလည်း သိထားကြပြီးဖြစ်သည်။

မိုးနှင့်အတူ သစ်ပင်ပန်းမန်များ အရွက်သစ်၊ အဖူးသစ်၊ အပွင့်သစ်များ ထွက်ရှိပွင့်လန်းလာကြသည်။ စိမ်းစိုသောပတ်ဝန်းကျင်ကို ရှုမြင်ကြရပြီ။ စိုက်ပျိုးပင်များ ရှင်သန်ကြီးထွားလာသကဲ့သို့ သဘာဝပေါက်ပင်များကလည်း စွမ်းစွမ်းသန်သန်ရှိလာသည်။ ကမ္ဘာဦးအစမှပင် လူတို့အတွက် သဘာဝလက်ဆောင်များကို စားသုံးရန်ပေးခဲ့ရာ ယခုတိုင်ဖြစ်သည်။ နှစ်စဉ်မိုးဦးကျပေါက်ပင်များမှာ ဟင်းလျာအတွက် အရေးပါဆဲ။ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များတွင် သဘာဝအလျောက် အလေ့ကျအပင်များက ပါဝင်နေသည်။ မြို့ပြတွင် သားငါးသီးရွက်အားလုံး ဝယ်ယူစားသုံးကြရသော်လည်း ကျေးလက်တွင်မူ အများအားဖြင့် စိုက်ပျိုးထားသော တစ်နိုင်တစ်ပိုင်အခင်းများနှင့် ပတ်ဝန်းကျင်ရှိ သဘာဝအပင်များမှ ရယူနိုင်ပေသည်။

အညာကျေးလက်ဝန်းကျင်တွင် စားစရာဟင်းရွက်များက ပေါလှသည်။ မန်ကျည်းတစ်ပင်၊ နှစ်ပင်ရှိလျှင် တစ်ရွာလုံးစားနိုင်သည်။ ထနောင်းတစ်ပင်ကလည်း အရွက်နုနုများ ဝေနေတတ်သည်။ "အိမ်ရှေ့တမာ အိမ်နောက်ခံတက် စီးပွားတက်"ဟူသောအဆိုအတိုင်း တမာရွက်နုချိန်ပြီးလျှင် ခံတက်ရွက်များက ဖားဖား အုပ်အုပ်ရှိတတ်သည်။ ယာစည်းရိုးတစ်လျှောက် ဆူးပုပ်နှင့်ကင်းပုံများက ခူးမကုန် ဆွတ်မခန်းပေါမှပေါဟု ဆိုနိုင်သည်။ အညာကျေးလက်၏ဓလေ့ကို ကဗျာဆရာဌေးကြည်(စလင်း)က "တောဈေး"အမည်ရှိ အချိုးတွဲကဗျာအလှကို အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့ပါသည်။

**တောဈေး**

- ထမင်းတစ်အိုးအတွက်
  ထင်းချိုးထွက်ခဲ့တယ်။
- ဆူးပုပ်နှင့်ကင်းပုံ
  လမ်းကြုံလို့ခူးခဲ့တယ်။ ။

တောသဘာဝ ထမင်းချက်ရန် ထင်းဝယ်ရန်မလို။ လျှပ်စစ်မီးကိုမသုံးစွဲ။ ဓာတ်ငွေ့ထည့်ရန်မစဉ်းစား။ ရွာပြင်ထွက်လျှင် သဘာဝအပင်ကြီးများက ကြွေကျသောသစ်ကိုင်းခြောက်များကို ကောက်ယူနိုင်သည်။ အပင်ငယ်ချုံငယ်များက ခြောက်သွေ့ကိုင်းများကို ချိုးယူနိုင်သည်။ လောင်စာအတွက် ငွေကုန်စရာမလိုပေ။ ထင်းရှာရင်း၊ ထင်းချိုးရင်း ဆူးပုပ်ရုံက ဆူးပုပ်ရွက်ကို ခူးနိုင်သေးသည်။ ချုံပင်ချုံတန်းပေါ်တွင် နွယ်ပတ်တက်လျက်ရှိသော ကင်းပုံညွှန့်များကလည်း ခူးလှည့် ဆွတ်လှည့်ခေါ်သယောင်။ ဟင်းအတွက် မပူရတော့။ ကဗျာဆရာ၏ကဗျာက ရိုးရှင်းသကဲ့သို့ ရိုးသားမှုကိုလည်း ပြဆိုရာရောက်သည်။ ရိုးသားမှုသည် အလှတစ်ရပ်ပင်။

တစ်ခါတစ်ရံ တောသဘာဝ မိုးဦးကျအရွက်များက ပေါလွန်းမကပေါတတ်သေးသည်။ တောသူလုံမေတစ်သိုက် ဟင်းရွက်စုံခူးကာ တစ်ရွာဝင်တစ်ရွာထွက် ရောင်းချလေ့လည်းရှိသေးသည်။ တချို့မြို့တက်ရောင်းသည်။ အပိုဝင်ငွေလေးများ ရတတ်ပါ၏။ ရွာဘုရားပွဲတွင် လှူရန်စုမည်။ ညှော်ခံကျွေးမွေးရန် ဖယ်ထားမည်။ ဝတ်ကောင်းစားလှလေးများလည်း ဝယ်ရန်ဝတ်ရန် ရည်စူးလေ့လည်းရှိသည်။ ယခင်ရှေးက ရပ်ဓလေ့၊ ရွာဓလေ့ပင်ဖြစ်ပါသည်။ ပြောင်းလဲခြင်းသဘောတရားအရ ယခင်နှင့်ယခု ကွာခြားမှုများ ရှိလာပါသည်။ ထိုအချက်ကို သတိပြုမိသော ကဗျာဆရာမောင်လင်းကြည်(မြဝင်း-ဒဿန၊ ကွယ်လွန်)က ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ-မတ်လထုတ် ချင်းတွင်းမဂ္ဂဇင်းတွင် "ဟင်းရွက်ပေါပြီ စုံမြိုင်ကျေး"အမည်ရှိ ဇာတိရပ်ရွာဓလေ့ အလွမ်းကဗျာတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပါသည်။ စုံမြိုင်ကျေးဟုဆိုရာတွင် "စုံ"သည် "တော"၊ "မြိုင်"သည်လည်း "တော"၊ "ကျေး"သည်ကိုလည်း "ကျေးတော"ဟု မှတ်ယူမိပါသည်။

**ဟင်းရွက်ပေါပြီ စုံမြိုင်ကျေး**

"အမေတို့အညာ
ခုနေခါဘာတွေပေါ. . .။"
"မိုးဦးတစ်ပြိုက်
ရွာချလိုက်လို့
တောတိုက်တစ်ကြော
ဟင်းရွက်တွေပေါ. . .။"

ကဗျာအစပိုဒ်မှာပင် မေးခွန်းနှင့်အဖြေ တစ်ပါတည်းပါလာသည်။ နားမလည်စရာမပါ။ အလင်္ကာအဆင်တန်ဆာများ မဝေဆာ။ အညာသူ၊ အညာသား၏စကားမေးသံကို ကြားရမည်။ အညာဒေသသုံး "တောတိုက်"ဟူသောစကားကို သုံးထားသည်။ အညာနှင့်အလှမ်းကွာသူအတွက် ဆန်းသလိုရှိသော်လည်း အညာရွာခပ်များများတွင် တောတိုက်၊ စပါးတိုက်၊ နွားစာတိုက်ဟူသော ရင်းနှီးပြီးစကားအလှများသာဖြစ်သည်။ တင်ပြခဲ့ပြီးသော ဟင်းရွက်စုံအမည်စုံပေါလာပြီဟု ဆိုလိုပါသည်။ ဟင်းရွက်စုံသလို ဟင်းချက်ပုံကလည်းစုံလှသည်။ အများစုသောဟင်းရွက်များကို ဟင်းချိုချက်လေ့ရှိသည်။ အချို့အရွက်များက ငါးပိ၊ ငရုတ်သီးတို့နှင့် ငါးပိချက်ချက်စားသည်။ အချို့ဟင်းရွက်များက ပြုတ်၍ လက်သုပ်သုပ်စားမှ အရသာရှိသည်။ ခံတက်နှင့်ဟင်းဂလာရွက်များကိုဖြင့် အချဉ်တည်၍ စားမှ အနံ့အရသာပြည့်စုံတော့သည်။ အညာဟင်းရွက်နှင့် အညာဟင်းချက်နည်းများက စာတစ်စောင်ပေတစ်ဖွဲ့ ပြုစုလောက်အောင်ပင် မျိုးပြားကြွယ်ဝလျက်ရှိသည်။

> ❖ ကဗျာတစ်ပုဒ်တွင် အသံသာခြင်း၊ ကာရန်ညီခြင်း၊ ဂုဏ်အလင်္ကာ၊ ရသမြောက်ခြင်းစသော ဂုဏ်အင်္ဂါများစွာ ပါလေ့ရှိပါသည်။ ထို့ပြင် ကဗျာဆရာပေးလိုသော သတင်းအချက်အလက်များကိုလည်း ဆုပ်ကိုင်နိုင်ရန် အရေးကြီးပါသည်။ စာပေပညာရှင်ကြီးများ၏ ညွှန်ကြားချက်များဖြစ်ပါ၏။ ဆက်လက်၍ ကဗျာဆရာ၏အတွေးကို မိမိရရသိနိုင်အောင် ကြိုးစားသင့်သည်ဟုလည်း မိန့်ဆိုကြပါသည်။ ကဗျာဆရာ၏ အတွေးနှင့်အရေး တစ်ထပ်တည်းကျသော ကဗျာများစွာရှိသကဲ့သို့ ကဗျာဖတ်သူ၏အတွေးကို တောင်းဆိုသောကဗျာများလည်းရှိပါသည်။ ❖

"ခါတိုင်းကဆို
ခုလိုကာလ၊ မိုးဦးကျမှာ
တောကလုံမယ်၊ ဟင်းရွက်သည်တို့
ရွာလယ်လမ်းမှာ ရောက်လို့လာရဲ့
ခုခါမှာကော လာသေးသလား. . .။"
"ဘဝဝမ်းရေး၊ မလုံသေးတော့
အဝေးမြေတာ၊ ပြောင်းရွှေ့ရှာပြီ
ဘယ်မှာသူတို့လာတော့မလဲ. . .။"

ဟင်းရွက်သည် လုံမလေးများ ယခင်ကလို လာပါသေးရဲ့လားဟု အဝေးရောက်ကဗျာဆရာက အတွေးဖြင့် မေးခွန်းထုတ်သည်။ ယခုအခါ ကျေးလက်တောရွာမှ မြို့ပြသို့ပြောင်းရွှေ့လုပ်ကိုင်သူများ များလာသည်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံများထိပါ ပြောင်းရွှေ့လုပ်ကိုင်သူများ ရှိလာသည်။ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့သည့်သဘောပင်။ ဆရာဇန်းမော်ညိုနွဲ့၏ ကဗျာတစ်ပုဒ်တွင် ကျောင်းဆရာက တပည့်များ၏ အနာဂတ်မျှော်မှန်းချက်များကိုမေးရာ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ စသည်ဖြင့် ရာထူးကြီးကြီး၊ ဝင်ငွေများများ အလုပ်အကိုင်များကို လုပ်လိုသူသာများနေသဖြင့် လယ်ယာအလုပ်ကို ဘယ်သူလုပ်မှာလဲ ဟူသောအတွေး တွေးမိကြောင်းကို ကဗျာအဆုံးသတ်တွင်-

"ရွာဘေးအဆွယ်၊ မုရင်းလယ်ကို
ဘယ်သူဝင်၍လုပ်ပါလိမ့်"ဟု ဖွဲ့ဆိုထားခြင်းကို သတိရမိပါသေးသည်။

ဆရာမောင်လင်းကြည်၏ ကဗျာအဆုံးပိုဒ်တွင် လာနေကျဟင်းရွက်သည်လေးများကို မလာမရောက်သဖြင့် လွမ်းသည်ဟုဆိုပါသည်။ ဟင်းရွက်သည်ဆိုသည်ထက် ရပ်ရွာကိုလွမ်းသည်က ပိုပါလိမ့်မည်။ ရွာရနံ့ကို ရှူရှိုက်လိုသေးပုံရသည်။ ရွာဓလေ့တွင် ပျော်မွေ့ချင်သေးသည်။ ရွာဝင်လမ်းဘေး ဇရပ်ကလေးတွင် ရွာ၏အရေးကို ဆွေးနွေးချင်သေးသည်။ ရွာလွမ်းနာဟုဆိုကြပါစို့။ ကဗျာအလှကို စာသထားပုံမှာ-

"လာနေကျခါ၊ မရောက်လာတော့
ရင်မှာဆွတ်တမ်း၊ ရမ်းရော်လွမ်းသည်
လှမ်းခဲ့ပါဟေး လုံမလေး. . .
ဟင်းရွက်ပေါပြီ စုံမြိုင်ကျေး. . .။ ။" ဟူ၍ ဖြစ်ပါသည်။

ရွာအလွမ်းကို ကဗျာပန်းပျိုးရင်း ဖြေသိမ့်နေချင်သည်ဟု ဆိုချင်ပါသည်။ ဇာတိရပ်ရွာသို့မဟုတ် ဇာတိမြေဟူသည် မမေ့မပျောက်သင့်သောနေရာလည်းဖြစ်ရာ ကဗျာဆရာ၏ အခြားရွာအလွမ်းကဗျာ များစွာလည်းရှိပါသေးသည်။

ကဗျာတစ်ပုဒ်တွင် အသံသာခြင်း၊ ကာရန်ညီခြင်း၊ ဂုဏ်အလင်္ကာ၊ ရသမြောက်ခြင်းစသော ဂုဏ်အင်္ဂါများစွာ ပါလေ့ရှိပါသည်။ ထို့ပြင် ကဗျာဆရာပေးလိုသော သတင်းအချက်အလက်များကိုလည်း ဆုပ်ကိုင်နိုင်ရန် အရေးကြီးပါသည်။ စာပေပညာရှင်ကြီးများ၏ ညွှန်ကြားချက်များဖြစ်ပါ၏။ ဆက်လက်၍ ကဗျာဆရာ၏ အတွေးကို မိမိရရသိနိုင်အောင် ကြိုးစားသင့်သည်ဟုလည်း မိန့်ဆိုကြပါသည်။ ကဗျာဆရာ၏အတွေးနှင့်အရေး တစ်ထပ်တည်းကျသော ကဗျာများစွာရှိသကဲ့သို့ ကဗျာဖတ်သူ၏အတွေးကို တောင်းဆိုသောကဗျာများလည်းရှိပါသည်။ ကဗျာဖတ်သူ၏စိတ်ခံစားမှု၊ ပညာဉာဏ်၊ ဓာတ်ခံ စသောအချက်များစွာပေါ် မူတည်လျက်လည်းရှိသည်။ ကဗျာဆရာက ကဗျာဖတ်သူအပေါ် ဆရာမလုပ်။ မလွှမ်းမိုး။ ချုပ်ကိုင်လေ့မရှိဘဲ လွတ်လပ်စွာတွေးတောခွင့် ပေးထားလေ့ရှိသည်။ တွေးလျှင်တွေးသလောက် ကျယ်ပြန့်သောသဘောလည်းဖြစ်သည်။

ဖော်ပြပါကဗျာတွင်လည်း အညာကျေးလက်တွင် မိုးဦးကျဟင်းရွက်များ ပေါချင်မှပေါ ပါပေလိမ့်မည်။ သဘာဝပတ်ဝန်းကျင်က ယိုယွင်းလာခဲ့ပြီမဟုတ်ပါလော။ ထို့အတူ ဟင်းရွက်ကန်စွန်းရောင်းမည့်သူထက် မြို့ပြနှင့်ပြည်ပ ထွက်ခွာသူက များနေပြီလားဟူသော မေးခွန်းကလည်း မေးချင်စရာ။ ကဗျာအလှကို ငေးမောနေရုံဖြင့်မပြီး။ ကဗျာနောက်ကွယ်တွင်ရှိနေသော လူနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းခြင်းရာများကိုလည်း ထဲထဲဝင်ဝင်ကြည့်တတ်မြင်တတ်အောင် ကြည့်ရန်တွေးရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**- ချင်းတွင်းမဂ္ဂဇင်း ၂၀၁၉ ဖေဖော်ဝါရီ- မတ်**

# ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်မဲ မေ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခိုမုန်းကျေးရွာအုပ်စု ခိုမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ခိုမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခိုမုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၇၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၃၆ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၅သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄ ဦးကို ငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးထားကြောင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရှုံးပွဲမရှိစံချိန်နဲ့ ဆုဖလားရယူခဲ့တဲ့ လေဗာကူဆင်အသင်းနဲ့ ၂၀၂၃-၂၀၂၄ ဘွန်ဒက်လီဂါဘောလုံးရာသီ

ML



၂၀၂၃-၂၀၂၄ ဘွန်ဒက်လီဂါဘောလုံးရာသီဟာ ဘွန်ဒက်လီဂါရဲ့ ၆၁ ကြိမ်မြောက် အမှတ်ပေးပြိုင်ပွဲဖြစ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန် ၃၀ ရက်မှာ ယှဉ်ပြိုင်ရမဲ့ပွဲစဉ်ဇယားတွေကို အတည်ပြုထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၃ ဩဂုတ် ၁၈ ရက်မှာတော့ ဘောလုံးရာသီစတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မေ ၁၈ ရက်မှာ ဘောလုံးရာသီပိတ်သိမ်းခဲ့တာကိုတွေ့ရမှာပါ။ ဒီနှစ်မှာတော့ ဘွန်ဒက်လီဂါဖလားကို ၁၁ နှစ်ဆက်တိုက်သိမ်းပိုက်ထားတဲ့ ဘိုင်ယန်မြူးနစ်ကတော့ လေဗာကူဆင်ကို မကျော်ဖြတ်နိုင်ခဲ့ဘဲ ဆုဖလားနှင့် လွဲချော်ခဲ့တာဖြစ်ပါတယ်။ လေဗာကူဆင်အသင်းကတော့ အခုရာသီမှာ အကောင်းဆုံးပုံစံရရှိခဲ့တာကြောင့် ပြိုင်ပွဲပြီးဆုံးဖို့ ငါးပွဲအလိုမှာ ချန်ပီယံဆုဖလားကိုရယူနိုင်ခဲ့သလို အသင်းအနေနဲ့ အမှတ်ပေးပွဲ ၃၄ ပွဲ ကစားခဲ့ရာမှာ ၂၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှုံးပွဲမရှိစံချိန်နဲ့ ဆုဖလားရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

**ချန်ပီယံအသင်းနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရအသင်းများ**

လေဗာကူဆင်အသင်းဟာ နည်းပြအလွန်ဆိုလက်အောက်မှာ ပြောင်းရွှေ့ကြေးယူရို ၈၁ သန်းအသုံးပြုပြီး တယ်လာ၊ ဘွန်နီဖေ့၊ ရှာကာ၊ ဟော့မန်းတို့လို ကစားသမားတွေကို ခေါ်ယူခဲ့သလို အသင်းက ဒီယာဘီ၊ ဘက်ကာ၊ ဒီမီယာဘေ၊ အမီရီတို့ကိုရောင်းချရာကနေ ယူရို ၆၉ သန်းထိ ပြန်ရှာနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ကစားသမားဝယ်ယူရောင်းချမှုကနေ ယူရို ၁၂ သန်း အရှုံးပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြအလွန်ဆိုဟာ ကစားသမားတွေရဲ့စွမ်းဆောင်ရည်ကို အကောင်းဆုံးအသုံးချပြီး စိတ်ဓာတ်ပိုင်းမြင့်တင်နိုင်ခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲ ၃၄ ပွဲမှာ ၂၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ရှုံးပွဲမရှိစံချိန်နဲ့ ဆုဖလားရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့အမှတ်ပေးပြိုင်ပွဲမှာ စတုဂတ်၊ ဒေါ့မွန်၊ ဂလာဘတ်၊ ဘိုင်ယန်မြူးနစ်တို့လို ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေကိုသာ သရေရလဒ်ထွက်ပေါ်ခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ဘောလုံးရာသီမပြီးဆုံးခင် ဧပြီ ၁၄ ရက်မှာ ကစားခဲ့တဲ့ ဝါဒါဘရီမင်နဲ့ပွဲမှာ ငါးဂိုးပြတ်အနိုင်ရခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲပြီးဆုံးဖို့ ငါးပွဲအလိုမှာ ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးချိန်မှာ ရှုံးပွဲမရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါသမိုင်းမှာ ပထမဆုံးရှုံးပွဲမရှိစံချိန်နဲ့ ဆုဖလားရခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ပြိုင်ပွဲစုံမှာ ၅၁ ပွဲဆက်ရှုံးပွဲမရှိခဲ့တာကြောင့် ဥရောပဘောလုံးသမိုင်းမှာ ၄၄ ပွဲဆက်ရှုံးပွဲမရှိခဲ့တဲ့ ဘင်ဖီကာအသင်းရဲ့စံချိန်ကိုကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

လေဗာကူဆင်ဟာ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာလဲ ရှုံးပွဲမရှိနဲ့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ကိုင်ဇာစလော့တန်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရခဲ့လို့ ဆုဖလားရရှိခဲ့တာကို တွေ့ရမှာပါ။ ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ ရှုံးပွဲမရှိနဲ့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပေမဲ့ အတ္တလန်တာအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ ဒုတိယနဲ့ကျေနပ်ခဲ့ရပြီး တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်နဲ့ လွဲချော်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ဘွန်ဒက်လီဂါဆုဖလားနဲ့ ပိုကယ်ဖလားနှစ်လုံးသိမ်းပိုက်နိုင်ခဲ့ပြီး အခုရာသီဘွန်ဒက်လီဂါမှာ အောင်မြင်မှုအများဆုံးနဲ့ မှတ်တမ်းကောင်းတွေကို သိမ်းပိုက်နိုင်တဲ့အသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဘွန်ဒက်လီဂါဆုဖလားအတွက် ယူရို ၇၆ ဒသမ ဝ၅ သန်းနဲ့ ပိုကယ်ဆုဖလားအတွက် ယူရို ၄ ဒသမ ၂၉ သန်းနီးပါးရရှိခဲ့တာကြောင့် အခုရာသီဟာ လေဗာကူဆင်အတွက် အကျိုးအမြတ်များခဲ့တာဖြစ်ပါတယ်။

ဘွန်ဒက်လီဂါအမှတ်ပေးဇယားအဆင့်(၂)မှာ ရပ်တည်နိုင်ခဲ့တဲ့ စတုဂတ်အသင်းကတော့ ဂီရက်ဆီ၊ စတေးလ်လာ၊ ဂျီယွန်၊ မီလိုဆီဗစ်၊ နူဘယ်တို့ကိုခေါ်ယူခဲ့ရာမှာ ပြောင်းရွှေ့ကြေးယူရို ၂၂ ဒသမ ၄ သန်းထိ အသုံးပြုခဲ့တာဖြစ်ပြီး အန်ဒို၊ မာဗရိုပန်နို့စ်၊ ဆိုဆာ စတဲ့ကစားသမားတွေကို ပြန်ရောင်းချခဲ့တာကြောင့် ဝင်ငွေယူရို ၅၀ ဒသမ ၆၅ သန်း ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုနှစ်ကစားသမားရောင်းချမှုကနေ အမြတ်ငွေယူရို ၂၈ ဒသမ ၂၅ သန်းထိ ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ နည်းပြဟိုးနက်စ်လက်အောက်မှာ ဂီရက်ဆီ၊ စတေးလ်ကာ၊ နူဘယ်တို့လို ကစားသမားသစ်တွေရဲ့ခြေစွမ်းပြသမှုကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပြီး ဘောလုံးရာသီပိတ်သိမ်းချိန်မှာ ၂၃ ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၇၃ မှတ်ထိ ရရှိခဲ့ပြီး ဒုတိယနေရာနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။

ဘွန်ဒက်လီဂါသမိုင်းမှာ ဆုဖလား ၃၃ ကြိမ်အများဆုံးရရှိခဲ့ပြီး ၁၁ ကြိမ်ဆက်ဖလားရယူနိုင်ခဲ့တဲ့ဘိုင်ယန်မြူးနစ်အသင်းကတော့ အခုနှစ်မှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့ပေမဲ့ ထင်သလောက် အလုပ်မဖြစ်ခဲ့ဘဲ ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၃)နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ချန်ပီယံလိဂ်ဖလားကိုစိန်ခေါ်ဖို့အတွက် ဟယ်ရီကိန်း၊ ကင်မင်ဂျေး၊ ဘိုရေး၊ ပီရက်ဇ်၊ ဇာရာဂိုဇာ၊ အဲရစ်ဒိုင်ယာတို့လိုကစားသမားတွေ ခေါ်ယူအားဖြည့်ခဲ့ရာမှာ ပြောင်းရွှေ့ကြေးယူရို ၁၈၇ ဒသမ ၅သန်းထိ အသုံးပြုခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဟာနန်ဒက်စ်၊ ဂရာဗန်ဘာ့ချ်၊ ပါဗက်၊ မာနေး၊ ဆာဘစ်ဇာ၊ ဆိုမာ စတဲ့ကစားသမားတွေကိုရောင်းချရာမှာ ပြောင်းရွှေ့ကြေးယူရို ၁၇၃ သန်းထိ ပြန်လည်ရရှိခဲ့တာကြောင့် ယူရို ၁၄ ဒသမ ၅ သန်း အရှုံးပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြတူချယ်ရဲ့လက်အောက်မှာ သူတို့အသင်းတိုက်စစ်ကစားပုံသာကောင်းခဲ့ပြီး ခံစစ်ပိုင်းကို ပြင်ဆင်နိုင်ခြင်းမရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်က လှည့်ပြန်ခဲ့ရသလို ပိုကယ်ဖလားပြိုင်ပွဲမှာလဲ ဒုတိယအကျော့က ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒ့ါပြင် ဂျာမနီစူပါဖလားဗိုလ်လုပွဲမှာလဲ လိုက်ပ်ဇစ်ကို ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပြီး ဖလားလက်မဲ့ရာသီနဲ့ ပထမဆုံးကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းဟာ အခုရာသီပြိုင်ပွဲပြီးဆုံးချိန်မှာ ၁၉ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၆၅ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၄)မှာ ရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ဘွန်ဒက်လီဂါဆုဖလားကိုခြိမ်းခြောက်နိုင်ဖို့ အိုပန်ဒါ၊ လူကီဘာ၊ ဘာအမ်ဂါနာ၊ ဆက်ကို၊ အဲလ်မက် စတဲ့ကစားသမားအများအပြားခေါ်ယူခဲ့ရာမှာ ပြောင်းရွှေ့ကြေးယူရို ၁၇၉ ဒသမ ၅ သန်းအသုံးပြုခဲ့ပြီး ဂါဗာဒီယို၊ ဆိုဘော့ဇလိုင်၊ အန်ကူကူ၊ ဆိုးလော့၊ ဖောစ်ဘက်တို့လို ကစားသမားရောင်းချမှုကနေ ပြောင်းရွှေ့ကြေးယူရို ၂၄၃ သန်းထိ ပြန်ရှာနိုင်ခဲ့တာကြောင့် ယူရို ၆၃ ဒသမ ၅ သန်းထိ အမြတ်ငွေရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် သူတို့အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဂျာမနီစူပါဖလားပြိုင်ပွဲမှာလဲ သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာကြောင့် ဆုဖလားတစ်လုံးလဲရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လိုက်ပ်ဇစ်အသင်းအနေနဲ့ အခုရာသီမှာ အကျိုးအမြတ်ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းပြီးရင် ဒုတိယမြောက်အောင်မြင်မှုအများဆုံးဖြစ်တဲ့ဒေါ့မွန်အသင်းကလဲ ပြိုင်ပွဲပြီးဆုံးချိန်မှာ ရမှတ် ၆၃ မှတ်နဲ့ အဆင့်(၅) မှာ ရပ်တည်ခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ အမ်မက်ချာ၊ ဆာဘစ်ဇာ၊ ဖူးလ်ခရက်တို့လို ကစားသမားတွေသာ ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေးယူရို ၆၆ သန်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လင်ဟမ်၊ ကနက်ဖ်၊ သော်ဂန်ဟာဇက်တို့လို ကစားသမားရောင်းချမှုကနေ ယူရို ၁၁၃ ဒသမ ၃၅ သန်းရခဲ့တာကြောင့် အမြတ်ငွေ ၄၇ ဒသမ ၃၅ သန်းထိ ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် သူတို့အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့ပြီး ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာကြောင့် ဒုတိယနေရာနဲ့ အဆုံးသတ်ခဲ့ရင်တောင် ဆုကြေးငွေအမြောက်အမြားရရှိမှာဖြစ်လို့ အခုရာသီ ဘွန်ဒက်လီဂါမှာ အကျိုးအမြတ်အများဆုံးအသင်းအဖြစ် ရပ်တည်နိုင်မှာသေချာပါတယ်။

ဘွန်ဒက်လီဂါအသင်းတွေဟာ အခုနှစ်ဥရောပပြိုင်ပွဲတွေမှာ အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ခဲ့ပြီး ရှုံးထွက်အဆင့်တွေထိ ရောက်ခဲ့တာကြောင့် ယူအီးအက်ဖ်အေရဲ့အဆင့်သတ်မှတ်ချက်မှာ ဒုတိယအမှတ်အများဆုံးလိဂ်အဖြစ်သတ်မှတ်ခံရလို့ လာမဲ့နှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာထိ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆင့်(၁)ကနေ အဆင့်(၅) ထိ အသင်းတွေဟာ လာမဲ့နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ယူရိုပါလိဂ်နှင့် ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်ရ အသင်းများ**

ဖရန့်ဖတ်အသင်းဟာ အခုရာသီမှာ ချာအီဘီ၊ အမန်ဒါ၊ ပါချို၊ လာဆန် စတဲ့ကစားသမားတွေကိုခေါ်ယူခဲ့ပေမဲ့ ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားက ယူရို သန်း ၂၀ ထက်မကျော်ခဲ့ဘဲ ကစားသမားခေါ်ယူမှုအတွက် ၈၃ ဒသမ ၄၅ သန်းထိ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အသင်းက ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ မူနာအနီ၊ လင်းစတုန်း၊ ဘိုရီ စတဲ့ ကစားသမားရောင်းချမှုကနေ ယူရို ၁၄၉ သန်းထိ ရခဲ့တာကြောင့် အမြတ်ငွေ ယူရို ၆၅ ဒသမ ၅၅ သန်းထိ ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ကစားသမားဝယ်ယူရောင်းချမှုမှာ အမြတ်ငွေအများဆုံးအသင်းဖြစ်ခဲ့တာကို တွေ့ရမှာပါ။ ဘောလုံးရာသီပိတ်သိမ်းချိန်မှာတော့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၆)မှာရောက်ရှိခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဟော်ဖန်ဟိမ်းအသင်းကတော့ ရာသီပိတ်သိမ်းချိန်မှာ ၁၃ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၄ ပွဲရှုံးနဲ့ ရမှတ် ၄၆ မှတ်ရခဲ့တာကြောင့် အဆင့်(၇) နေရာနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားသမားသစ်ခေါ်ယူမှုမှာ ယူရို ၄၄ သန်း အသုံးပြုခဲ့ပြီး ကစားသမားရောင်းချမှုမှာတော့ ယူရို ၃၇ ဒသမ ၅ သန်းရရှိခဲ့တာကြောင့် ယူရို ၆ ဒသမ ၅ သန်း အရှုံးပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် သူတို့ခေါ်ယူခဲ့တဲ့ ကစားသမားတွေကလဲ ထိပ်တန်းအဆင့်ကစားသမားမပါခဲ့တာကြောင့် အခုရာသီပြိုင်ပွဲစုံမှာ ရလဒ်တည်ငြိမ်ဖို့ ရုန်းကန်ခဲ့ရသလို ပွဲစဉ် (၂၈) နောက်ပိုင်းမှာတော့ ရမှတ်ရှာဖွေနိုင်ခဲ့လို့ ဥရောပဝင်ခွင့်တစ်နေရာရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနောက်ပိုင်း ဥရောပပြိုင်ပွဲကို ပထမဆုံးအကြိမ် ပြန်လည်ကစားခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။

အခုနှစ်မှာ ဘွန်ဒက်လီဂါကိုတန်းတက်လာတဲ့ ဟီဒန်ဟိမ်းအသင်းကတော့ အိမ်ကွင်းကစားပုံတည်ငြိမ်မှုမရှိပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းထက်မြက်ခဲ့တာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာ ရမှတ်ပိုရခဲ့ပြီး ရာသီပိတ်သိမ်းချိန်မှာ ၁၀ ပွဲနိုင်၊ ၁၂ ပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ အဆင့်(၈) မှာ ရပ်တည်နိုင်ခဲ့လို့ ယူရိုပါကွန်ဖရင့်လိဂ်ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ ကစားသမားဝယ်ယူမှုမှာ ၂ ဒသမ ၃ သန်းသာအသုံးပြုခဲ့ပြီး ကစားသမားရောင်းချခဲ့ခြင်းမရှိတာကြောင့် ယူရို ၂ ဒသမ ၃ သန်း အရှုံးပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အခုနှစ် ဘွန်ဒက်လီဂါမှာ ငွေကြေးသုံးစွဲမှုအနည်းဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဥရောပဝင်ခွင့်တစ်နေရာရခဲ့တာကြောင့် တန်းတက်အသင်းတွေထဲမှာ အောင်မြင်မှုရခဲ့တယ်လို့ ဆိုရမှာပါ။

**တန်းဆင်းနှင့် တန်းတက်လာသည့်အသင်းများ**

အခုနှစ် ဘွန်ဒက်လီဂါပြိုင်ပွဲကို တန်းတက်လာခဲ့တာကတော့ ဟီဒန်ဟိမ်းအသင်းနဲ့ ဒမ်စတက်အသင်းတို့ ဖြစ်ပါတယ်။ အဲဒီနှစ်သင်းမှာ ဟီဒန်ဟိမ်းအသင်းက အဆင့်(၈)ရောက်ရှိခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်နဲ့ အဆုံးသတ်ခဲ့ပေမဲ့ ဒမ်စတက်အသင်းကတော့ ဘောလုံးရာသီမကုန်ဆုံးမီ ပွဲစဉ်လေးပွဲလောက်အလိုကတည်းက ရမှတ် ၁၇ မှတ်သာရခဲ့လို့ အစောဆုံးတန်းဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ ဒမ်စတက်အသင်းဟာ ရာသီပိတ်သိမ်းချိန်မှာ သုံးပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၂၃ ပွဲရှုံးနဲ့ ရမှတ် ၁၇ မှတ်သာရရှိခဲ့လို့ အမှတ်ပေးဇယားအောက်ဆုံးကနေ တန်းဆင်းခဲ့ရတာဖြစ်ပါတယ်။ ဒုတိယမြောက်အသင်းကတော့ ပွဲစဉ် ၃၄ အပြီးမှာ ငါးပွဲနိုင်၊ ၁၂ ပွဲသရေ၊ ၁၇ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၇ မှတ်ရခဲ့တဲ့ကိုလုံးအသင်းက အဆင့်(၁၇)နဲ့ တန်းဆင်းသွားခဲ့ရတာကို တွေ့ရမှာပါ။ ဘိုချမ်အသင်းကတော့ ၃၄ ပွဲမှာ ၃၃ မှတ်ရခဲ့တာကြောင့် အဆင့်(၁၆) မှာ ရပ်တည်နိုင်ခဲ့လို့ တန်းဆင်းဇုန် Play-off ကစားခွင့်ရခဲ့တာဖြစ်ပြီး ဘွန်ဒက်လီဂါ-၂ က အဆင့်(၃)မှာ ရပ်တည်နေတဲ့ ဒူဆယ်ဒေါ့အသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဒူဆယ်ဒေါ့က ဘိုချမ်အသင်းအိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ နိုင်ခဲ့တာကြောင့် လာလီဂါကိုပြန်လာနိုင်ဖို့ အခွင့်အရေးရှိခဲ့ပေမဲ့ ဒုတိယအကျော့မှာ ဘိုချမ်က အဝေးကွင်းကနေ သုံးဂိုးပြန်သွင်းနိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်မှာအနိုင်ရခဲ့လို့ ဘွန်ဒက်လီဂါမှာ ဆက်လက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လာမဲ့နှစ် ဘွန်ဒက်လီဂါပြိုင်ပွဲကို ဘွန်ဒက်လီဂါ-၂ ကနေ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့တဲ့အသင်းတွေကတော့ ချန်ပီယံဆုဖလားရခဲ့တဲ့ စိန့်ပေါ်လီအသင်းက ၃၄ ပွဲအပြီးမှာ ရမှတ် ၆၉ မှတ်ရရှိခဲ့ပြီး တိုက်ရိုက်တန်းတက်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒုတိယနေရာက ဟိုစတိန်းအသင်းကလဲ ရမှတ် ၆၈ မှတ် ရခဲ့တာကြောင့် ဒုတိယနေရာကနေ ဘွန်ဒက်လီဂါကို တိုက်ရိုက်တန်းတက်ခွင့်ရခဲ့တာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ၇၁၃၅ ဧက ရိတ်သိမ်းပြီးစီး



**မော်လိုက် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ၇၁၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောပဲပုပ်များကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၁၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၇၁၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့ ပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်စဉ် ပဲမျိုးစုံစိုက်ဧက ၂၆ သိန်းကျော်၊ ဆီထွက်သီးနှံ စိုက်ဧက ၂၃ သိန်းကျော်၊ စပါး စိုက်ဧက ၂၂ သိန်းကျော် စိုက်ပျိုးလျက်ရှိရာ ရာခိုင်နှုန်းအနေဖြင့် ပဲမျိုးစုံသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ငဖဲ မေ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်းသာကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကုန်းသာကျေးရွာတွင် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ကုန်ထုတ်လမ်းခင်းရာ၌ ဓာတ်ခွဲခန်းတွင် စမ်းသပ်အောင်မြင်သည့် မြေအမျိုးအစားကို အသုံးပြုသွားရန်နှင့် စီမံကိန်းလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကုန်းသာကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။ **ဇင်မာ**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






ကုန်ဆုံးသွားသော စွမ်းအားများ



DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ



Exhibition Vanue Award



ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂ - ၄၀၃၀၄၃၈၊ ၀၂ - ၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂


## ပျောက်ဆုံးကြောင်း

သိန်းနီမြို့၊ ရပ်ကွက်(၃)နေ မအားဟွမ်တီ (ဘ) ဦးဂျင်ပင်ချောက် (၁၃/သနန(နိုင်)၀၅၃၂၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-082378) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၃၉၀၈၆၄၆**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်နေ မလွင်မာဇော် (ဘ) ဦးဇော်ဝင်း (၁/မကတ(နိုင်)၀၈၅၈၈၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-659619) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**၀၉-၇၇၀၁၂၁၅၁၃**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ရွှေမုဋ္ဌော၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ Grade-10 (အောင်)မှ မခင်ကြည်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးအိုက်ယိုင် ဖြစ်ပါကြောင်း။ **ဦးအိုက်ယိုင်(၁၃/ကမန(နိုင်)၁၂၃၇၀၂)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၃၁**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘန်ရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၃၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးဂျူဒိုပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၇ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

(၃၁-၅-၂၀၂၄)

| | |
|---|---|
| **ချောက်** | ၄၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| **ညောင်ဦး** | ၄၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **အောင်လံ** | ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| **ကလေး** | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **ပခုက္ကူ** | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| **မင်းဘူး** | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



မင်္ဂလာအခမ်းအနားများ
မြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..